မြန်မာနိုင်ငံ

အတွက်ကမ္ဘာလုံးဆိုင်ရာ
ဆုတောင်းရာနေ့

2022



မြန်မာစစ်တပ်တိုက်ခိုက်မှုတစ်ခုအတွင်း ကရင်ရွာသားတစ်ဦးမိမိသမီးလေးကိုချီထားစဉ်။



ဒါရိုက်တာ

အမှာစကား

မြန်မာနိုင်ငံအတွက်ဆုတောင်းပေးသည့်အတွက် ကျေးဇူးတင်ရှိပါသည်။

ယခုနှစ်တွင် မြန်မာစစ်တပ်သည်အာဏာသိမ်းမှုကိုပြုလုပ်ခဲ့ပြီး၊ မိမိလူထုကိုပြန်လည်တိုက်ခိုက်ကာ မြန်မာနိုင်ငံတွင်းရှိလူမျိုးစုငယ်များအပေါ် တိုက်ခိုက်မှုများကိုတိုးမြှင့်ခဲ့ပါသည်။ မြန်မာစစ်တပ်သည် မြို့ကြီးပြကြီးများနှင့်မဆိုက်ဆံသောဒေသများတွင်ဆန္ဒပြသူများကိုသတ်ဖြတ်ခဲ့ပြီး၊ တောင်ပေါ်ဒေသမှ လူမျိုးစုငယ်ဝင်ထောင်ပေါင်းများစွာတို့အားလည်း နေရာရွှေ့ပြောင်းအောင်လုပ်ဆောင်ခဲ့ကြပါသည်။ ထိုသို့ ဖြစ်သော်ငြားလည်း ဗမာလူမျိုးများနှင့် မြန်မာနိုင်ငံအတွင်းရှိလူမျိုးစုငယ်များတို့အကြားစုပေါင်းညီညွတ်မှု၊ မိမိကိုယ်ကိုပေးဆပ်လုပ်ဆောင်မှု နှင့် မျှော်လင့်ခြင်းနှင့်ပတ်သက်သော ခံစားချက်တို့ပေါ် ထွက်လာခဲ့ပါသည်။ မြို့ပြနှင့် မြေပြန့်ဒေသတို့ အတူတကွပူးပေါင်းကာ တစ်ကြိမ်တစ်ခါမှမမြင်ဖူးသော နည်းလမ်းများဖြင့် အာဏာရှင်စနစ်ကိုတွန်းလှန်ခဲ့ကြပါသည်။

မိမိတို့နေအိမ်ကိုစွန့်ပစ်ခဲ့ရသော တောင်တန်းဒေသမှလူမျိုးစုငယ်များသည် အရှုံးပေးလိုစိတ်မရှိပဲ၊ တစ်ဦးနှင့်တစ်ဦး ဆက်လက်ချစ်ခင်ကူညီရိုင်းပင်းလျက်ရှိကြသည်။ ကျွန်ုပ်တို့၏ FBR ရိန်းဂျားအဖွဲ့များ နှင့် အခြားအသင်းအဖွဲ့များသည် လူမျိုးစုငယ်များကြားသွားလာကာ ဆေးအကူအညီ၊ အစားအစာ အထောက်အပံ့တို့ကိုပေးအပ်ခြင်းဖြင့် သူတို့နှင့်ပိုမိုရင်းနှီးချစ်ခင်မိကြပါသည်။ မြန်မာစစ်တပ်သည် ဤနေရာတွင်ရှိသော သူအားလုံးထက် အင်အားပိုကြီးသော်လည်း ဘုရားသခင်သည်ပို၍စွမ်းအင်ကြီးမားပြီး၊ ကျွန်ုပ်တို့အား ကူညီနိုင်မည့်နည်းလမ်းများကိုပေးအပ်လျက်ရှိကြောင်းကိုယုံကြည်ပါသည်။ ဗမာလူမျိုးများနှင့် လူမျိုးစုငယ်များကြားအသစ်သောနှိမ့်ချစိတ်နှင့် အချင်းချင်းရိုသေကိုင်းရိုင်းမှုများကိုတွေ့မြင်ရပါသည်။ ဗမာလူမျိုးများစွာတို့ကကျွန်ုပ်တို့အား "နှစ်ပေါင်းများစွာထဲမှာ တိုက်ခိုက်မှုအောက်ကျရောက်နေခဲ့ရတဲ့ လူမျိုးစုငယ်များအပေါ် ကျွန်တော်တို့ဂရုမစိုက်မိခဲ့၊ မရပ်တည်ပေးခဲ့မိတဲ့အတွက် ခွင့်လွှတ်ပေးကြပါ။ အခုသူတို့ရင်ဆိုင်နေရတဲ့ ခံစားချက်ကိုကျွန်တော်တို့ နားလည်ပါပြီ။ ခွင့်လွှတ်ပေးပါလို့တောင်းဆိုလိုပြီး၊ စိတ်မကောင်းလည်းဖြစ်မိပါတယ်။ ကျွန်တော်တို့ဒီဒေသတွေကို ရှောင်ပြေးလာရတဲ့အခါမှာ ကျွန်တော်တို့ကိုလက်ခံပေးပြီး၊ ကျွန်တော်တို့အတွက် အသက်ကိုတောင် စွန့်စားပြီးကူညီပေးကြတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ လွတ်မြောက်နိုင်ဖို့အတွက် ကျွန်တော်တို့ အတူတကွအလုပ်လုပ်ဆောင်ရပါမယ်။ လူသားတိုင်းရဲ့ တန်ဖိုးနဲ့ အခွင့်အရေးတွေကိုလည်း မြှင့်တင်ပေးရပါမယ်။ ကျွန်တော်တို့ဒီအတွက် ကတိသစ္စာပြုပါတယ်။" ဟုပြောကြားခဲ့ပါသည်။

ထွက်ပြေးလွတ်မြောက်လာသူ ဗမာလူမျိုးများစွာတို့ကိုကူညီပေးနေခဲ့သော ကရင်ပြည်နယ်အတွင်းမှ ခေါင်းဆောင်တစ်ဦးက "ကျွန်တော်တို့ဘုရားသခင်ရဲ့ ကျေးဇူးတော်နဲ့ ဂရုစောင့်တော်ကို သတိရရပါမယ်။ ဘုရားရဲ့သနားဂရုစောင့်မရှိပဲ ကျွန်တော်တို့ကရင်တွေဟာ မရပ်တည်နိုင်ပါဘူး။ ပြီးတော့ ကျွန်တော်တို့ အပြစ်တွေအများကြီးပြုတဲ့အတွက် ဒီသနားခြင်းဂရုစောင့်ဟာကျွန်တော်တို့နဲ့ မထိုက်တန်ပါဘူး။ အာဏာရှင်ကြီးပဲအမှားတွေကိုပြုလုပ်နေတာမဟုတ်ပဲ ကျွန်တော်တို့လည်းအမှားတွေကျူးလွန်မိတာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့က ဒါတွေကိုဂရုစိုက်ခံတယ်၊ ပြီးတော့ ဘုရားသခင်ကျွန်တော်တို့ကိုခွင့်လွှတ်တဲ့အတွက်၊ သနားဂရုစောင့်အတွက် ဘုရားကိုကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ထွက်ပြေးတိမ်းရှောင်ပြီး၊ ထိခိုက်ခံစားရမှုများစွာရှိပေမဲ့၊ စစ်တပ်ဟာ ပိုပြီး အင်အားတောင့်တင်းပေမဲ့ကျွန်တော်တို့ရှုံးမှာမဟုတ်ပါဘူး။ သူတို့တွေဟာကျွန်တော်တို့တစ်ယောက်စီထက်အင်အားကြီးတယ်။ ဒါပေမဲ့ ကျွန်တော်တို့အားလုံးထက်ပြီးတော့ ဘုရားသခင်ထက်ပိုပြီး အင်အားမကြီးပါဘူး။ ကျွန်တော်တို့နဲ့ရှိနေတဲ့ လူမျိုးစုငယ်ဝင်တွေအပြင်၊ ဗမာလူမျိုးတွေက အာဏာရှင်မအောင်မြင်နိုင်ဘူးဆိုတာကို ယုံကြည်ကြပါတယ်။

မြန်မာနိုင်ငံသားများကို ပြင်ထန်စွာတိုက်ခိုက်နေသော စစ်တပ်နှင့်ရဲတို့၏သေစေနိုင်လောက်သော တိုက်ခိုက်မှုတို့၏ နောက်ကွယ်တွင် နက်ရှိုင်းပြီး၊ ကြောက်မက်ဖွယ်ရာ နတ်ဆိုးရှိနေသည်ကို ကျွန်ုပ်တို့သိပါသည်။



ဘုရားသခင်သင့်ကိုကောင်းချီးပေးပါစေ။

ဒေးဗစ်ယူဘဲ့ခ်၊ မိသားစု နှင့် မြန်မာနိုင်ငံအတွက်ခရစ်ယာန်ရေးရာအဖွဲ့

မြန်မာနိုင်ငံ

အတွက်ဆုတောင်းချက်

အာဏာရှင်များနှလုံးသားပြောင်းလဲလာစေရန် သို့မဟုတ် နောက်ဆုတ်သွားကြစေရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေး အကျဉ်းသားအားလုံးလွတ်မြောက်နိုင်စေရန်၊ အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့်ကောင်းမွန်စွာအလုပ်လုပ်ဆောင်နိုင်စေရန်နှင့်လူတိုင်းအတွက် အသစ်သော စတင်ခြင်းရှိလာစေရန် ကျွန်ုပ်တို့နှင့်အတူတကွကျေးဇူးပြု၍ဆုတောင်းပေးစေလိုပါသည်။ တိုင်းသူပြည်သားအားလုံးအတူတကွ ဒီမိုကရေစီစနစ်နှင့်လူတိုင်းအတွက် စစ်မှန်စွာကိုယ်စားပြု နိုင်သော မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်စေရန် ဆုတောင်းပေးပါ။ ထိုအချိန်တိုင်အောင်တိုက်ခိုက်မှု အောက်တွင် ရှိနေမည့်သူတို့ ဆက်လက်အသက်ရှင်ရပ်တည် နိုင်စေရန်အတွက် လိုအပ်သော အကူအညီများ ရရှိနိုင်စေရန်လည်း ဆုတောင်းပေးစေလိုပါသည်။ ကျေးဇူးပြု၍ ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်း သတင်းစကားတစ်ခုသည် အာဏာရှင်များ၊ မြန်မာစစ်တပ်နှင့်ရဲ တို့ထံသို့တိုင်အောင်ရောက်ရှိနိုင်စေရန် အတွက်လည်းယခုအချိန်တွင်ပင် ဆုတောင်းပေးစေလိုပါသည်။

ကျွန်ုပ်တို့နှင့်အတူဆုတောင်းပေးသည့်အတွက်ကျေးဇူးတင်ရှိပါသည်။



မြေပုံသော့ချက်

- လူမျိုးနွယ်စုများ၏မွေးရပ်ဇာတိဒေသများ
- ဗမာလူမျိုးအများစုရှိရာဒေသ

မြန်မာနိုင်ငံအတွက်ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့ကိုနှစ်စဉ်နှစ်တိုင်းမတ်လ၏ဒုတိယအပတ် တနင်္ဂနွေနေ့တိုင်းကျင်းပပါသည်။ ကျေးဇူးပြု၍ မြန်မာနိုင်ငံအတွက် ဆုတောင်းပေးခြင်းတွင် ပါဝင်ပေးကြပါ။

အချက်အလက်များကိုပိုမိုသိရှိလိုပါက info@prayerforburma.org. သို့အီးမေးလ်ပေးပို့နိုင်ပါသည်။

Acts Co. ၏ထောက်ပံ့မှုနှင့် ဤမဂ္ဂဇင်းကိုပုံနှိပ်ပေးမှုတို့အတွက် ကျေးဇူးအထူးတင်ရှိပါသည်။ ဤမဂ္ဂဇင်းကို မြန်မာနိုင်ငံအတွက် ခရစ်ယာန်ရေးရာအဖွဲ့ (CCB)မှထုတ်ဝေပါသည်။ စာသားမူပိုင်ခွင့်အားလုံး CCB 2022 ဖြစ်ပါသည်။ ဒီဇိုင်းနှင့်ပုံစံမှာ FBR ၏ပုံနှိပ်ထုတ်ဝေမှုဖြစ်ပါသည်။ မူပိုင်ခွင့်အားလုံးထိန်းသိမ်းထားရှိပါသည်။ အကယ်၍စာသားများနှင့်ပုံများကိုသင့်လျော်စွာ အသိအမှတ်ပြုကိုးကားဖော်ပြခြင်းရှိပါက၊ ဤ မဂ္ဂဇင်းကို မူပွားနိုင်ပါသည်။ ပုံအားလုံးမူပိုင်ခွင့်သည် FBR ထံတွင်ရှိပြီး၊ အသိပေးအကြောင်းကြားခြင်းမှ လွဲ၍အသုံးပြုခွင့်မရှိပေ။ ကျမ်းပိုဒ်စာသားအကိုးအကားများမှာ NIV မှဖြစ်ပြီး၊ သို့မဟုတ်ပါက မှတ်ချက်ဖြင့်ဖော်ပြထားရှိသည်။

မြန်မာပြည်အတွက်ခရစ်ယာန်ရေးရာအဖွဲ့ (CCB) PO Box 392, Chiang Mai, 50000, THAILAND

www.prayforburma.org info@prayforburma.org

ပါဂင်သည့်

အကြောင်းအရာများ



6.

ပဋိပက္ခများနှင့်မြန်မာနိုင်ငံ


နေပြည်တော်- ဖေဖော်ဝါရီ(၁)ရက် စစ်တပ်အာဏာသိမ်းမှုမှတဆင့် အစိုးရကို ဖယ်ရှားခြင်း။



8.

မြန်မာနိုင်ငံအရှေ့ပိုင်း

ကရင်ပြည်နယ် - ပစ်ခတ်မှုအောက်တွင် ခံရသောကျောင်း



12.

မြန်မာနိုင်ငံအရှေ့ပိုင်း

ကရင်နီပြည်နယ်- ပြည်စွန့်ခွာထွက်ပြေးရသူခေါင်းဆောင်တစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း။



16.

ရိုဟင်ဂျာအခြေအနေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ- မီးလောင်ခြင်းနှင့်ရေကြီးခြင်းတို့ကြောင့် အကြီးအကျယ်ဒုက္ခပေးခဲ့ရသော အားနည်းလှသည့်ရိုဟင်ဂျာဒုက္ခသည်စခန်းများ။



19.

မြန်မာနိုင်ငံအနောက်ပိုင်း


ချင်းပြည်နယ်- ချင်းပြည်နယ်တွင်းအာဏာသိမ်းမှုကိုဆန့်ကျင်မှုများကြောင့် မြန်မာစစ်တပ်၏ပစ်မှတ် ဖြစ်ခဲ့ခြင်း။



23.

မြန်မာနိုင်ငံမြောက်ပိုင်း


ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း - စစ်တပ်အာဏာသိမ်းမှုဖြစ်ပေါ် လာပြီးနောက် တိုက်ခိုက်မှုများ အရှိန်အဟုန် မြင့်တက်လာခြင်း။



27.

မြန်မာနိုင်ငံတွင်းမှအသံများ

သေဆုံးသွားမည်မဟုတ်သည့် အိမ်မက်များ - ကရင်ပြည်နယ်အတွင်း ကြေကွဲဖွယ်နည်းမှုများကို အောင်မြင်စွာကျော်ဖြတ်ခြင်း။



28.

ဂင်းလက်တောက်ပသောမျက်လုံးများ

ကဗျာ - ရေးသားသူ SUUZANNE EUBANK

မြန်မာနိုင်ငံ အလယ်ပိုင်း

ပဋိပက္ခများနှင့်မြန်မာနိုင်ငံ

(၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် စစ်တပ်သည် အရပ်သားအစိုးရကို ဖြုတ်ချခဲ့ခြင်းကြောင့် ပြည်သူပြည်သားများ စတင်ဆန္ဒပြခဲ့ကြပါသည်။

စာရေးသူ - အက်ရ်ှလေစောက်သ် (Ashley South)

(၂၀၂၁)ခုနှစ်အတွင်း မြန်မာနိုင်ငံသည် သာမာန်ထက်ထူးခြားပြီး၊ အတွင်းပိုင်းဆက်နွယ်နေသောပဋိပက္ခ နှစ်ခုဖြစ်သည့်- ကိုဗစ်ကပ်ရောဂါ နှင့် ဖေဖော်ဝါရီ တစ်ရက်နေ့ အာဏာသိမ်းမှုတို့ကို ရင်ဆိုင်ခဲ့ရပါသည်။ ဤ "အရေးကြီးသောတိုက်ဆိုင်မှု" သည် မြန်မာနိုင်ငံကြီး၏ ဖြစ်သင့်သည့်ပုံစံကို ပြန်လည် တွေးထင်စိတ်ကူးယဉ်ကြည့်နိုင်မည့် အခွင့်အရေးတစ်ခုကို ပေးအပ်ခဲ့သည်။ အနည်းဆုံး (၁၉၈၈)ခုနှစ် ဒီမိုကရေစီအုံကြွမှုဖြစ်စဉ်မှစကာ ဤတစ်ကြိမ်သည် မြို့များနှင့် မြို့တော်များမှ လူငယ်များအနေဖြင့် တပ်မတော်၏ အလုံးစုံအကြမ်းဖက်မှုကို ပထမဆုံးသိရှိတွေ့မြင်ခဲ့ရသည့်အကြိမ်ဖြစ်သည်။ ဗမာလူမျိုးစုပင်အများအပြား၊ အထူးသဖြင့်ယခင်က မြန်မာနိုင်ငံတွင်းမှလူမျိုးငယ်များအပေါ် နားလည်နိုင်ရန် အခွင့်အရေးနည်းပါးခဲ့ကြသော လူငယ်လူရွယ်များသည် လူမျိုးစုငယ်အသိုင်းအဝိုင်းများ၏ ရုန်းကန်မှုများနှင့်ရင်ဆိုင်ရသည့် ချက်များကို ပိုပြီးနားလည်အသိအမှတ်ပြုလာကြသည်။ ယင်းသည် ပြန်လည်ဆန်းသစ်လာသောညီညွတ်ခြင်းနှင့် မိမိကိုယ်ကို အပ်နှံလုပ်ဆောင်ခြင်းတို့မှတဆင့် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သည့် စည်းမျဉ်းများအဆုံးသတ်သို့ ဦးတည်သွားစေပြီး၊ နောက်နောင်တွင် စစ်တပ်သည် အရပ်သားအုပ်ချုပ်မှုအောက်တွင်သာထားရှိရန်တိုက်တွန်းမှုများကိုဖြစ်ပေါ်လာစေခဲ့သည်။ အာဏာသိမ်းစဉ်မှစတင်ကာ တပ်မတော်သည် ချင်း၊ စစ်ကိုင်းနှင့် မကွေးကဲ့သို့သော ယခင်က လက်နက်ကိုင်ပဋိပက္ခတွင် ကြီးမားစွာအထိအခိုက်မရှိဖူးသေးသည့် ပြည်နယ်များနှင့် ဒေသကြီးများအပါအဝင်၊မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အကြမ်းဖက်သောင်းကျန်းနေခဲ့သည်။ မြန်မာစစ်တပ်သည်မကြာခဏ အကြမ်းဖက်နေရာယူခြင်း နှင့်သတ်ဖြတ်နယ်ချဲ့သည့်အဖွဲ့အစည်းတစ်ခုပမာပြုမူလေ့ ရှိသည်။ တို့ပြန်သည့်အနေဖြင့်ဒေသခံအသိုင်းအဝိုင်းများသည် စစ်အစိုးရ၏ကြမ်းကြုတ်သော နှိမ်နင်းမှုကိုတွန်းလှန်တိုက်ခိုက်ရန် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDFs) နှင့်အတူတကွ ပူးပေါင်းလာကြသည်။ PDFs များစွာတို့သည်အမျိုးသားညီညွတ်ရေးအစိုးရ(NUG) နှင့် မိမိတို့ကိုယ်ကို တစ်ညီတစ်ညွတ်တည်းထားရှိခဲ့သည်။ အချို့တို့သည် လက်နက်ကိုင်လူမျိုးစုငယ်အဖွဲ့အစည်းများ (EAOs)တို့နှင့် နီးစပ်စွာအလုပ်လုပ်ဆောင်လျက်ရှိပြီး၊ ထိုအဖွဲ့များက ဤအုပ်စုများကို အခြေခံသင်တန်းများပို့ချပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)ကြောင့်အလုံးစုံဖြစ်ပေါ်ခဲ့ခြင်းမဟုတ်သော်လည်း၊ ကောင်းမွန်သောမှတ်တမ်းတင်ချက်များအရ စစ်အစိုးရ၏ ကျန်းမာရေးလုပ်သားများအပေါ် တိုက်ခိုက်ခဲ့ခြင်းအဖြစ်အပျက်များအပါအဝင်၊ ကိုဗစ်ရောဂါပဋိပက္ခရပ်များကို မှားယွင်းစွာကိုင်တွယ်ခဲ့ခြင်းတို့ကလည်း ကပ်ရောဂါဆိုး၏အကျိုးသက်ရောက်မှုကိုအဆိုးရွားဆုံးဖြစ်ပေါ်စေခဲ့သည်။ ထောင်ပေါင်းများစွာတို့ အသက်သေဆုံးခဲ့ရကာ၊ လူတို့၏အသက်တာများအပေါ် အကြီးအကျယ်ထိခိုက်မှုကိုဖြစ်ပေါ်စေခဲ့သည်။ စီးပွားရေးသည်လည်း အာဏာသိမ်းစဉ်မှစတင်ကာ သုံးပုံတစ်ပုံခန့်ထိ ဆုတ်ယုတ်သွားသည်။ ယင်းသည် ကပ်ရောဂါကြောင့်တစ်စိတ်တစ်ပိုင်းဖြစ်သကဲ့သို့ များသောအားဖြင့် စစ်အုပ်ချုပ်မှု၏ မှားယွင်းသောစီမံခန့်ခွဲမှုနှင့် ပြည်သူပြည်သားများအပေါ် အကြမ်းဖက်တိုက်ခိုက်ခဲ့မှုတို့ကြောင့်ဖြစ်သည်။

စစ်အစိုးရတပ်ဖွဲ့ဝင်များကြောင့်အောက်တိုဘာလအလယ်ပိုင်းတွင် လူပေါင်း (၁၁၇၈)ဦးသေဆုံးခဲ့ပြီး၊ လူပေါင်း (၃၅၁၀) ကျော်ထိန်းသိမ်းခံထားရဆဲဖြစ်သည်။ ဤသူအများစုသည် ညှင်းပန်းနှိပ်စက်ခံရရန် သေချာသလောက်ပင်ဖြစ်သည်။ တစ်ချိန်တည်းတွင် စားနပ်ရိက္ခာဖူလုံမှုကျဆင်းသွားခဲ့သည်။ အာဏာ သိမ်းပြီးနောက်ပိုင်းတွင် U.N. ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်းက မြန်မာနိုင်ငံတွင်းတွင် ထပ်မံ၍ လူပေါင်း (၃.၄) သန်းခန့် ငတ်မွတ်လိမ့်မည်ဟုခန့်မှန်းခဲ့သည်။

ဤအခြေအနေတွင် ကရင်အမျိုးသားအစည်းအရုံး နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ကဲ့သို့သော EAOs များသည် ကပ်ရောဂါကိုတွန်း



ရန်ကုန်မြို့ပေါ်တွင်ဆန္ဒပြနေသောလူငယ်များ။

လှုန်ခြင်းနှင့် စစ်အစိုးရကို ဆန့်ကျင်ခြင်းတို့တွင် အဓိကနေရာမှ ပါဝင်လုပ်ဆောင်ကြသည်။ အာဏာသိမ်းမှုနောက်ဆက်တွဲတွင် မြန်မာ EAOs နှင့် တွဲဖက် အရပ်ဘက် အဖွဲ့အစည်းများ (CSOs) သည် နိုင်ငံတွင်းတွင်ယုံကြည်ထိုက်ပြီး၊ အောင်မြင်သော ပန်ဆောင်မှု ပေးအပ်သည့်စနစ်အနည်းငယ်ထဲမှတစ်ချို့တို့ကိုပေးအပ်နိုင်ခဲ့ပါသည်။ ဥပမာ- ထိခိုက်အလွယ်ဆုံးသော မြန်မာနိုင်ငံတွင်းမှကလေးသူငယ်အနည်းဆုံး (၃၀၀၀၀၀)တို့သည် EAO ကျောင်းများကို တက်ရောက်ကြပြီး၊ စစ်အစိုးရမှလုပ်ဆောင်ပေးခြင်းမရှိသဖြင့် EAOs အများစုတို့သည် သူတို့၏ လူမျိုးများကို အကန့်အသတ်ရှိသော အပြည်ပြည်ဆိုင်ရာ အကူအညီများနှင့်အတူ ကျန်းမာရေးနှင့် အခြား ပန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။

EAOs ပေးအပ်သောပန်ဆောင်မှုများနှင့် အစိုးရပိုင်းအုပ်ချုပ်မှုများသည်မြန်မာနိုင်ငံအတွက် ဖြစ်နိုင် မည့် ပို၍ တရားမျှတပြီး၊ ညီမျှမှုရှိသည့်ပြောင်းလဲမှုသို့ညွှန်ပြနေပါသည်။ EAOs များစွာတို့သည် ဒေသခံလူထုများအကြားတွင်နိုင်ငံရေးဆိုင်ရာတရားဝင်အသိအမှတ်ပြုမှုမြင့်မားလာပါသည်။ သူတို့၏ အစိုးရနှင့်အုပ်ချုပ်မှုကဏ္ဍများသည် CSOs နှင့်တခါတရံပူးပေါင်းပြီးဒေသတွင်းပိုင်ဆိုင်ပြီး၊ ဖြန့်ဝေပေးအပ်သည့် ကျန်းမာရေး၊ ပညာရေး နှင့် အခြား ပန်ဆောင်မှုများတို့ကို ဖက်ဒရယ်စနစ်ပုံစံအသစ်တစ်မျိုး၏ တည်ဆောက်မှုအနေဖြင့်တွေ့မြင်နိုင်ပါသည်။ ဤ "ပေါ်ပေါက်လာသောဖက်ဒရယ်စနစ်" သည် ဒေသတွင်းပိုင်ဆိုင်ပြီးပေးအပ်သည့်လုပ်ရိုးလုပ်စဉ်များတည်ဆောက်ပုံများအပေါ် အခြေခံကာ အသိုင်းအဝိုင်းများ၊ အရပ်ဘက်အဖွဲ့အစည်းတက်ကြွလှုပ်ရှားသူများနှင့် EAOs တို့၏ခံနိုင်ရည်စွမ်းအင် အပေါ်တွင် မူတည်ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဖြစ်နိုင်သည်မှာ လက်ရှိပဋိပက္ခသည် (၁၉၄၇)ခုနှစ်ပင်လုံအစည်းအဝေးမှစတင်ကာ အချုပ်အခြာအာဏာပိုင်ပြည်နယ်များကြားသဘောတူညီချက်များအပေါ် အခြေခံသည့် ဖက်ဒရယ်နိုင်ငံတော်တစ်ခုကိုရရှိနိုင်မည့် အကောင်းဆုံးသော အခွင့်အရေးလည်းဖြစ်ပါသည်။ ပေါ်ပေါက်လာသော လူမျိုးစုငယ် ပြည်နယ်များနှင့် သူတို့ကိုအုပ်ချုပ်သည့် EAOs အဖွဲ့အစည်းများသည် အချုပ်အခြာအာဏာပိုင်အဖွဲ့အစည်းများဖြစ်ကြောင်းကိုနားလည်သဘောပေါက်ခြင်းအားဖြင့်၊ယင်းတို့သည် အတူတကွ ပူးပေါင်းကာဖက်ဒရယ်နိုင်ငံတစ်ခုကိုတည်ထောင်နိုင်သဖြင့် မြန်မာနိုင်ငံတွင်းဖက်ဒရယ်စနစ်ကိုဆက်လက်လုပ်ဆောင်သင့်ပါသည်။

အသိုင်းအဝိုင်းနှင့် EAO တို့၏ခံနိုင်စွမ်းရည်သည်တုန်လှုပ်ခြောက်ခြားဖွယ်ရာများနှင့် ပဋိပက္ခများကို ထုတ်ပစ်ရန်၊အောင်မြင်ရန်နှင့်လိုက်လျောညီထွေနေနိုင်ရန်တို့အတွက်အဓိကကျပါသည်။ သို့ရာတွင် ကူညီပေးသည့်ဒေသခံ အဖွဲ့အစည်းများသည် 'ထိပ်ဖျားနေရာတစ်ခု' အစွန်းသို့ဆန့်ထွက်ရောက်ရှိနေပြီး၊ အပြုသဘောဆောင်တဲ့ပြန်မှုများကို ရရှိနိုင်စေရန် ခက်ခဲခြင်းကိုဖြစ်ပေါ်စေပါသည်။ ရာသီဥတု ပြောင်းလဲမှုကြောင့် ဆိုးရွားလှသောအနာဂတ်အကျိုးသက်ရောက်မှုများဖြစ်နိုင်ခြေတိုးပွားလာခြင်းသည် အပူရှိန်မြှင့်တက်လာခြင်းနှင့် မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်းတို့နှင့်ပတ်သတ်သော လိုက်လျောညီထွေဖြစ်မှုတို့လုပ်ဆောင်ခြင်းတွင် ဒေသခံလှုပ်ရှားသူများနှင့်ပူးပေါင်းလုပ်ဆောင်ထောက်မရန် ပိုမိုအရေးကြီးလာစေပါသည်။

ဆက်လက်ပြီး ကွန်ဂရက်ကြီး၏ ကျန်ရစ်နေသေးသောအကောင်းဆုံးသောသစ်တောများနှင့် ဇီဝသဘာဝ မျိုးကွဲတည်ရှိရာနေရာတစ်ချို့တို့ သည် EAO ထိန်းချုပ်ထားသောနယ်မြေများအတွင်းတွင်ရှိ နေပါသည်။ ဤအရာများသည် ရာသီဥတုပြောင်းလဲမှုကိုနည်းပါးလာစေနိုင်သော သော့ချက်အရင်းအမြစ်များ ဖြစ်ပါသည်။ သို့ဖြစ်၍ EAOs သည် မြန်မာနိုင်ငံ၏အကန့်အသတ်နယ်ပယ်များကိုကျော်လွန်ပြီး၊ ကွန်ဂရက်ခရီးသောအရေးကြီးသောအခန်းကဏ္ဍများတွင်ရှိနေပါသည်။

ဘောဂဗေဒပညာရှင် Milton Friedman ၏ဖော်ပြချက်အရ "ပဋိပက္ခတစ်ခုတည်းသာလျှင်... စစ်မှန်သောပြောင်းလဲမှုကို ဖြစ်စေနိုင်ပါသည်။ ပဋိပက္ခဖြစ်ပေါ်သောအခါ လုပ်ဆောင်သော လုပ်ဆောင်ချက်များသည် ပတ်ဝန်းကျင်တွင်တည်ရှိနေသော အကြံဉာဏ်များအပေါ် တွင်မူတည် နေပါသည်။" မြန်မာနိုင်ငံသည်လွန်ခဲ့သည့်နှစ်နှစ်မှစတင်ကာ ကြီးမားလှသော အခက်အခဲနှစ်ရပ် ဖြစ်သည့် ကိုဗစ်ကပ်ရောဂါ၊ နောက်ဆက်တွဲ ပိုမိုဆိုးရွားလာစေသော အာဏာသိမ်းမှု တို့ကို ရင်ဆိုင်ခဲ့ရပါသည်။ ဤအကြမ်းဖက်နောင့်ယှက်မှုများသည်နိုင်ငံ၏အနာဂတ်ကို သစ်လွင်ပြီး တီထွင်ဆန်းသစ်သော နည်းလမ်းများနှင့် ပတ်သတ်၍စဉ်းစားလာကြစေရန်လုပ်ဆောင်လာခဲ့ပါသည်။ SAC စစ်အစိုးရ၏အများသဘောအရ တရားဝင်မှုမရှိခြင်းနှင့် အကျိုးသက်ရောက်စွာ လုပ်ဆောင်နိုင်ခြင်း မရှိခြင်းတို့ကြောင့် EAOs ၏ အခန်းကဏ္ဍများသည် ပိုမိုအရေးပါလာခဲ့ပါသည်။



ရန်ကုန်မြို့တွင်း အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှုဆန္ဒဖော်ထုတ်ခြင်း။

မြန်မာနိုင်ငံ
အရှေ့ပိုင်း

ကရင်ပြည်နယ်

မြန်မာစစ်တပ်ပစ်ခတ်မှုအောက်မှကျောင်း - ပုန်းခိုရာတစ်နေရာတွင် ဖြေဆိုသောစာမေးပွဲ

ကျွန်ုပ်တို့သည်သစ်ပင်အောက်တွင်ထိုင်ကာ သင်ခန်းစာများကို ဖတ်နေသော ကလေးများကိုတွေ့ရန်တောတွင်းကွက်လပ်ငယ်လေး တစ်ခုသို့လမ်းလျှောက်ခဲ့ကြပါသည်။ ကလေးများသည် သူတို့၏စာအုပ်များနှင့် သင်ယူမှုဘာသာရပ်အပေါ် တွင်အလွန်အာရုံရောက်နေကြပါသည်။ ယောကျ်ားလေးတစ်ဦးသည် အင်္ကလိပ်စာ သင်ခန်းစာတစ်ခုကိုဖတ်နေပြီး၊ မိန်းကလေးတစ်ဦးမှာ စာဖတ်နေရာမှအပေါ် သို့မော့ကြည့်ပြီး ကျွန်ုပ်တို့အား အားရပါးရပြုံးပြပါသည်။ ကျောင်းအုပ်ဆရာကြီးက "ဒါကျွန်တော်တို့ကျောင်းပါ။ မြန်မာစစ်တပ်တိုက်ခိုက်မှုကိုပုန်းရှောင်နေတဲ့ တောထဲက သစ်ပင်အောက်မှာပါ။ ကျွန်တော်တို့ဒီစမ်းချောင်းလေးနဘေးကမြေကြီးပေါ် မှာအိပ်ကြတယ်။ မနက်ဖြန်ကျွန်တော်တို့စာမေးပွဲတွေရှိပါတယ်။ ဒါကြောင့်ကလေးတွေဟာ စာမေးပွဲအတွက် ပြင်ဆင်နေကြတာပါ။ တောင်ကုန်းလေးပေါ် မှာ စာမေးပွဲခန်းအဖြစ်အသုံးပြုမဲ့အခြားနေရာကွက်လပ်လေးတစ်ခုရှိပါတယ်။" ဟုဆိုပါသည်။

ကလေးများကိုနှုတ်ဆက်ကာ ကျွန်ုပ်တို့သည်အစားအစာနှင့် ဆေးဝါး အကူအညီများကို ပေးရန်၊ ဘုရားသခင်သူတို့ကိုချစ်ကြောင်း သတိရစေရန်နှင့် သတင်းစကားကို ပြင်ပသို့ပြောကြားရန် ဖြစ်ကြောင်း သူတို့အားရှင်းပြပါသည်။ ကွမ္ဘာတစ်ဟုမ်းလုံးတွင်ရှိသောသူများကို ယခုလက်ရှိမည်သို့ဖြစ်ပေါ် နေသည်ကို ပြောပြလိုကြောင်းနှင့်ဤနေရာတွင်ရှိသောသူများကိုလည်း တစ်ကမ္ဘာလုံးရှိလူများကသူတို့အပေါ် တွင်ဂရုစိုက်ကြောင်း၊ သူတို့အတွက် ဆုတောင်းပေးနေကြောင်းနှင့် အကူအညီများ ပို့ဆောင်ပေးလိုက်ကြောင်းကို သိစေလိုပါသည်။

အသက် ၂၀အရွယ်ဆရာမငယ်လေးတစ်ဦးကမျက်လုံးအိမ်မှမျက်ရည်များကျဆင်းကာ ၂၀၁၀ခုနှစ်က မြန်မာစစ်တပ်သည်သူမ၏ဖခင်ကိုသေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး၊ ဖခင်ကိုသူမတစ်ချိန်လုံး လွမ်းဆွတ်သတိရမိနေကြောင်းပြောပြပါသည်။ ယခု သူမသည် ကလေးများအားစာသင်ကြားကာ ကူညီပေးရန်ဆန္ဒရှိပါသည်။ ကျွန်ုပ်တို့စကားပြောနေစဉ် မြန်မာစစ်တပ်သည် အမြောက်ဖြင့်စတင်ပစ်ခတ် တိုက်ခိုက်ပါတော့သည်။ မော်တာဖြင့်ခြောက်ကြိမ်ပစ်ခတ်ပါသည်။ မိမိ၏ သားငယ်ကို ချီထားသော ကျောင်းအုပ်သည် ပုန်းအောင်းရာနေရာနှင့် မြန်မာစစ်တပ်တို့ကြားတွင် ရှိနေသော ကာကွယ်ရေးတပ်ဖွဲ့ထံသို့ ဆက်သွယ်ပါသည်။ သူတို့က မြန်မာစစ်တပ်သည်အရှေ့သို့တိုးလာ



ကျောင်းအတွက်စာကျက်နေကြသောကရင်ကျောင်းသားများ။



အသက်(၂၄)နှစ်အရွယ်ဆရာမတစ်ဦးကသူမကလေးအားနို့ချိုတိုက်ကျွေးစဉ် "ဒီကို လာကြတာကျေးဇူးတင်ပါတယ်။ မြန်မာစစ်တပ်ကကျွန်မတို့ကို ဟန့်တားဖို့ကြိုးစားပေမဲ့ ကျွန်မတို့ ဆက်လက် စာသင်ယူနိုင်တဲ့အတွက်ဘုရားသခင်ကိုကျေးဇူးတင်ပါတယ်" ဟုပြောကြားခဲ့ပါသည်။

ခြင်းမဟုတ်ကြောင်း၊ သက်သက်မဲ့ပစ်ခတ်ခြင်းသာဖြစ်ကြောင်းကို ပြောပြပါသည်။

ဆရာများနှင့် ကျောင်းသားများသည် ကရင်ပြည်နယ်အနောက်မြောက်ပိုင်း၊ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးအတွင်းရှိ လယ်ချိုကို ကျေးရွာမှဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ကလေးများနှင့် သက်တာကောင်းအဖွဲ့ (GLC) အစီအစဉ်၊ သီချင်းသီဆိုခြင်း၊ အတူတကွကစားခြင်းတို့ကိုလုပ်ဆောင်ပြီး၊ ထို့နောက်တွင် GLC တီရှပ်များနှင့် မုန့်များကို ပေးပေးခဲ့ပါသည်။ ရွှေ့ပြောင်းနေထိုင်ရသည့်ကလေးများသည် ကင်ဆာရောဂါနှင့် ကွယ်လွန်သွားသည့် CCB မိတ်ဆွေတစ်ဦးဖြစ်သူ Graeme Smithအတွက် ဂါရဝပြုမှုကိုအကျဉ်းချုံးလုပ်ဆောင်ခဲ့ပါသည်။ သူ့အားဂုဏ်ပြုသောအားဖြင့် ဘုရားသခင်သည်ကျွန်ုပ်တို့နှင့်အစဉ်အမြဲအတူရှိနေသည်နှင့် ပတ်သတ်သောလှုပသောသီချင်းတစ်ပုဒ်ကိုသီဆိုခဲ့ကြပါသည်။ ဤကလေးများနှင့် မိသားစုများသည် ဆုံးရှုံးမှုကို နားလည်သဘောပေါက်ကြပြီး၊ သူတို့၏နှလုံးသားများသည် ကျွန်ုပ်တို့ မိတ်ဆွေ Graeme အတွက် ခံစားကြရပါသည်။ Smiths မိသားစုသည် မြန်မာနိုင်ငံသားများအတွက် ဂိညာဉ်ရေး၊ ကျန်းမာရေးနှင့် အထောက်အပံ့များကို နှစ်ပေါင်းများစွာကူညီပံ့ပိုးခဲ့ကြပါသည်။ ကလေးများနှင့် ဆရာများသည် Smiths နှင့် မြန်မာနိုင်ငံသားများအတွက်ရပ်တည်ခဲ့ကြသောသူအားလုံးတို့အတွက် ကျေးဇူးတင်ရှိကြောင်းကို ဖော်ပြပြခဲ့ကြပါသည်။

ကျွန်ုပ်တို့သည်သူတို့တိမ်းရှောင်ခဲ့သောရွာသို့လမ်းလျောက်ခဲ့ကြပြီး၊ တောတွင်းကျောင်းအစီအစဉ်တွင်မပါဝင်ခဲ့ကြရသည့်အခြားသောမိသားစုများကိုတွေ့ဆုံခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဖျားနာသူများကိုဆေးကုသပြီး၊ ထိုကလေးများအတွက် GLC အစီအစဉ် တစ်ခုကို



ကရင်ကျောင်းသားလေးတစ်ဦး ကျောင်းအတွက်စာဖတ်နေစဉ်။



မြန်မာစစ်တပ်တည်နေရာကို ရေဒီယိုဖြင့်ခန့်မှန်းသတင်းရယူနေသည့်ဖခင်တစ်ဦး။



ရွှေ့ပြောင်းကရင်ကလေးသူငယ်များ GLC ကိုနစ်ခြိုက်စွာပါဂင်နေစဉ်။

ပြုလုပ် ခဲ့ပါသည်။ သီချင်းသီဆိုနေစဉ် မြန်မာစစ်တပ်နှင့် ရွာကို ကာကွယ်နေသော ကရင်ကာကွယ်ရေး တပ်ဖွဲ့တို့ ကြားတင်းမာမှုဖြစ်ကာ မြန်မာစစ်တပ်သည်ရွာဘက်သို့ မော်တာဖြင့်စတင်ပစ်ခတ်ခဲ့ပါသည်။ မိခင်အချို့တို့သည်မိ မိကလေးများကိုဖမ်းဆုပ်ကာအလန့်တကြားစတင်ပြေး လွှားကြပါသည်။ ကျွန်ုပ်တို့သည်ကာကွယ်ရေးတပ်နှင့် ရေဒီယိုမှတဆင့်ဆက်သွယ်ကာတိုက်ခိုက်မှုဆက်လက် ဖြစ်ပွားခြင်းမရှိတော့ကြောင်းနှင့် အနီးဆုံးမော်တာကျ ရောက်ခဲ့သည့်နေရာသည် ကျွန်ုပ်တို့နှင့်အနည်းဆုံးတစ်ကီ လိုမီတာအကွာတွင်သာရှိကြောင်းကြိုတင်သတင်းရရှိခဲ့ ကြပါသည်။ ကျွန်ုပ်တို့သည်မိခင်များအားဆက်လက်နေ ထိုင်ရန် တိုက်တွန်းခဲ့ကြပါသည်။ သို့ရာတွင်ကျွန်ုပ်တို့ သည် သူတို့ပြေးလိုပါက ကူညီမည်ဖြစ်ကြောင်းပြောကြား ခဲ့ပါသည်။ မိခင်တစ်ဦးက "ကျွန်မအရမ်းကြောက်တာပဲ။ ဒီလိုပဲတစ်ချိန်လုံးဖြစ်တယ်" ဟုပြောကြားခဲ့ပါသည်။

ကျွန်ုပ်တို့သည်သူမနှင့်အတူရှိနေကြောင်း၊ ဘုရားသ ခင်သည်ကျွန်ုပ်တို့အားလုံးနှင့်အတူရှိနေကြောင်း၊ လိုအပ် ပါကသူတို့ထွက်ပြေးလွှတ်မြောက်နိုင်ရန်ကျွန်ုပ်တို့ကူညီ မည်ဖြစ်ကြောင်းကိုပြောကြားခဲ့ကြပါသည်။ သူမက "သေချာလား" ဟုမေးရာ ကျွန်ုပ်က ကတုန်ကယင်အသံ ဖြင့်ဟာသလုပ်ပြလိုက်သဖြင့် သူမနှင့် အခြားသောသူများ ဂါးကနဲရယ်မောကြလေသည်။ သူမက "ကောင်းပြီဆရာ။ ကျွန်မတို့ဆက်နေပါမယ်" ဟုပြောပြီးအားလုံးအတူတကွ ဆက်လက်ရီမောပျော်ရွှင်ကာသီချင်းဆိုကြပြီး အပစ် အခတ်လည်းရပ်တန့်သွားခဲ့ပါသည်။ GLC အစီအစဉ် ပြီးနောက်တွင် မိသားစုတစ်စုစီထံသို့ အရေးပေါ်ဆန် အတွက်ရန်ပုံငွေများကိုပေးအပ်ခဲ့ပါသည်။

သူတို့၏မျက်နာပေါ်မှကျေးဇူးတင်အသိအမှတ်ပြုမှု များသည် ကျွန်ုပ်တို့ကိုပျော်ရွှင်မှုများ ပေးပါသည်။ ထိုရက် သတ္တပတ်တွင်မြန်မာစစ်တပ်သည်စခန်းများကို ပြန်လည် ရိကွာထောက်ပံ့ရန်နှင့် ကရင်ပြည်နယ် မြောက်ပိုင်းအတွင်း ပိုမိုများပြားသော တိုက်ခိုက်မှုများကို စတင်ရန် ထရပ် ကား ၈၄စင်းကို စေလွှတ်ခဲ့သည်။ ရွှေ့ပြောင်းကြ ရသူများ သည် ညောင်လေးပင်ခရိုင်၊ မုန်းနှင့်ကျောက်ကြီးမြို့နယ် ရွာသားများ ဖြစ်ပြီး၊ ဖာပွန်ခရိုင်အတွင်း ထောင်ပေါင်း



ကရင် IDP ကလေးသူငယ်များအတွက် GLC အစီအစဉ်။



ကယ်ဆယ်ရေးအဖွဲ့မှပေးထားသော ကျမ်းစာ ပုံပြင်များကို ဖတ်ရှုနေသော မိန်းကလေးတစ်ဦး။



ရိန်းဂျားဆေးတပ်သားမှ IDP ကလေးတစ်ဦးကို ဆေးကုသပေးနေစဉ်။

များစွာသော သူတို့သည် ဘူးသို့၊ ဒွဲလိုနှင့်လူသောမြို့နယ်များသို့ရွှေ့ပြောင်းခဲ့ကြရသည်။

မြန်မာစစ်တပ်၏နေ့စဉ်မော်တာနှင့်ပစ်ခတ်မှုများ၊ ကင်းလှည့်ခြင်းများနှင့် ပစ်ခတ်မှုများရှိနေသော်လည်း ပြည်သူတို့သည်အချုံးပေးခြင်းမရှိကြပေ။ တောနက်ထဲတွင်ပုန်းအောင်းနေရသည့်အချိန်တွင်ပင် ပေးဆပ်မှုရှိသောဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် ကျောင်းကိုဆက်လက်ဖွင့် လှစ်ခဲ့ကြလေသည်။ ကွမ္မာတစ်ပုဒ်မ်းလုံးရှိလူတို့၏အကူအညီဖြင့် ကျွန်ုပ်နှင့် အခြားသူများသည် နေရာရွှေ့ပြောင်းနေထိုင်သောမိသားစုတိုင်းအတွက် တစ်လမှသုံးလစားနိုင်မည့်ဆန်ကိုပေးနိုင်ခဲ့ပြီး၊ လိုအပ်သူများအတွက် ဆေးဝါးစောင့်ရှောက်မှုကိုပေးနိုင်ခဲ့လေသည်။ ယင်းမှာ အံ့ဖွယ်အမှုဖြစ်ပြီး၊ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့သည် ကောင်းမြတ်ခြင်း၏တန်ခိုးအစွမ်းသည် မကောင်းဆိုးဝါး၏စွမ်းအင်ထက်ကြီးမားကြောင်း ကိုယုံကြည်ကြပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ပိုမိုကြီးမားပြီး၊ ကျွန်ုပ်တို့သည် ဤလူတို့အောင်မြင်လိမ့်မည်ဟုယုံကြည်ပါသည်။ ဤကလေးများအတွက် ကျွန်ုပ်တို့၏ဆုတောင်းချက်မှာ သူတို့၏မျော်လင့်ခြင်းများနှင့်အိမ်မက်အားလုံးကို ပြန်လည်သိရှိလာစေရန်နှင့် သူတို့အနာဂတ် အတွက် အကန့်အသတ်မရှိကြောင်းကိုသိရှိလာစေရန်ဖြစ်ပါသည်။

အသုံးဝင်သည်ဟုခံစားရခြင်းသည် ကောင်းချီးမင်္ဂလာတစ်ခု ဖြစ်ပြီး၊ ဤမစ်ရှင်များအတွင်းတွင်ကျွန်ုပ်တို့ ထိုသို့ပြုလုပ်ကြပါသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အပြစ်များနှင့်အားနည်းချက်များရှိပြီး၊ မြန်မာစစ်တပ်ကို ရပ်တန့်စေနိုင်သော စွမ်းအင်ကျွန်ုပ်တို့ထံတွင်မရှိသော်လည်း၊ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာကိုပြသနိုင်ခဲ့သည့်အပြင် အစားအစာများ၊ ရွက်ဖျင်ထည်များ နှင့် ဆေးဝါးစောင့်ရှောက်မှုများကို ပေးအပ်နိုင်ခဲ့ပါသည်။ ဤအရာအားလုံးသည်ဤနေရာတွင်ရှိသောသူများအတွက် ဆုတောင်းပေးခဲ့ကြသော အထောက်အပံ့များကူညီပေးခဲ့ကြသောသင်တို့ကြောင့်သာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ သင်တို့အားလုံးသည် ဒီမစ်ရှင်လုပ်ငန်း၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ဘုရားသခင်သည်လူသားတိုင်းကိုဂရုပြုကြောင်းကို ကွမ္မာတစ်ပုဒ်မ်းလုံးတွင် သက်သေခံခြင်း၏အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ကလေးများဆက်လက်သင်ယူနိုင်စေရန်၊ ဆရာဆရာမများဆက်လက်သင်ကြား ပေးနိုင်ကြစေရန်၊ မိခင်နှင့်ဖခင်များ ပစ်ခတ်မှုများအောက်တွင် သူတို့၏ လယ်ကွင်းများထဲတွင်အလုပ်လုပ်နိုင်ကြစေရန်၊ မြန်မာစစ်တပ်ကို ရပ်တန့်သွားစေရန်ဆက်လက်ကြိုးစားနေသော ကာကွယ်ရေးအဖွဲ့များအတွက် နှင့် မြန်မာတစ်နိုင်ငံလုံးတွင်ရှိသော ကူညီပေးနိုင်ကြသည့် ကျွန်ုပ်တို့ အဖွဲ့များအားလုံးအတွက် ဘုရားသခင်ကိုကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့သည် ဂရုပြုကူညီပေးသူအားလုံးအတွက် ဘုရားသခင်ကိုကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့၏ဆုတောင်းချက်မှာ မြန်မာစစ်တပ်သည် အနောက်သို့ဆုတ်ခွာသွားစေရန်နှင့် ခွင့်လွှတ်ခြင်းတရားများသူတို့ထံဆန့်တန်းရောက်ရှိနိုင်စေရန်နှင့် ပြန်လည်သင့်မြတ်မှုများဖြစ်ပေါ် လာစေရန်ဖြစ်ပါသည်။

ဆုတောင်းချက်-

ကျေးဇူးပြု၍ ကျောင်းသားများနှင့် ဆရာများအနေဖြင့် နာကျင်ခံစားရမှုများအကြားတွင် မျော်လင့်ခြင်းကိုဆက်လက်ဆုပ်ကိုင်ထားနိုင်စေရန်နှင့် ပျော်ရွှင်ခြင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်စေရန် ဆုတောင်းပေးစေလိုပါသည်။

တောက်လျှောက်ခြိမ်းခြောက်မှုအောက်တွင်နေထိုင်ရသောသူများ၏နှလုံးသားများအတွက်ငြိမ်းချမ်းခြင်းကို ဆုတောင်းပေးပါ။ သို့အားဖြင့် သူတို့သည် ကြောက်ရွံ့ခြင်း၏ဂါးမျိုမှုကိုမခံစားရပဲ၊ ဘုရားသခင် ပေးသောဉာဏ်ပညာမှတဆင့် မည်သည့်အချိန်တွင်တိမ်းရှောင်ထွက်ပြေးရမည်နှင့် မည်သည့်အချိန်တွင် ဆက်လက်နေထိုင်ရမည်ကိုသိရှိနိုင်မည်ဖြစ်ပါသည်။

ဘုရားသခင်သည် ကြေကွဲသောနှလုံးသားကို နှစ်သိမ့်ပေးရန်နှင့် ပစ်ပယ်ခံရသော၊ ဖိနှိပ်ခံရသော သူများအတွက် စိတ်ခွန်အားကိုပေးအပ်ပါရန်ဆုတောင်းပေးစေလိုပါသည်။



မြန်မာနိုင်ငံ

အရှေ့ပိုင်း

ကရင်နီပြည်နယ်

အဲဗလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း - ပြည်စွန့်ခွာထွက်ပြေးရသူ ခေါင်းဆောင်တစ်ဦးနှင့် လွှတ်တော်တွင် ရွေးချယ်ခြင်း ခံခဲ့ရ သောပထမဆုံးကရင်နီအမျိုးသမီး။

အဲဗလင်းသည် မြန်မာ့ပညာရေးစနစ်အတွင်းအထက်တန်းကျောင်း ကိုအောင်မြင်ခဲ့ပါသည်။ ငွေကြေး အကန့်အသတ်ကြောင့် အစိုးရ ပညာရေးစနစ်အတွင်းမှ တတ္တသိုလ်ကိုဆက်လက် မတက်ရောက်နိုင် ခဲ့ပေ။ အခြားရွေးချယ်ရန်နည်းလမ်းမှာ ကရင်နီပြည်နယ်တွင် အပစ် အခတ်ရပ်စဲရေး အုပ်စုတစ်စု ဖြစ်သည့် ကရင်နီလူမျိုးပေါင်းစုံပြည်သူ့ လွတ်မြောက်ရေးတပ်ဦး (KNPLF) ကိုဝင်ရန်ဖြစ်ပါသည်။ KNPLF ကို စတင်ဝင်ရောက်စဉ်သူမသည် အသက်၁၉နှစ်ရှိပြီး၊ သူမ၏အထက် တန်းကျောင်း ပညာရေးကိုပြီးမြောက်ရန် ကရင်ဒုက္ခသည်စခန်းသို့ ပို့ခြင်းကိုခံခဲ့ရပါသည်။ ဆက်လက်ပြီး သူမသည် ချင်းမိုင်မြို့တွင် နိုင်ငံ ခြားရေးသင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခံခဲ့ရပြီး၊ ထိုမှတဆင့် ချက်သမ္မတနိုင်ငံသို့ သင်တန်းဆင်းရန် ဖြစ်လာခဲ့လေသည်။

သူမ၏သင်တန်းမှတဆင့် အဲဗလင်းသည် သူမကိုအထောက် အကူဖြစ်စေမည့် ဗဟုသုတနှင့် ယုံကြည်မှုနှစ်ခုစလုံးကိုရရှိခဲ့သည်။ သူမက "ချက်သမ္မတနိုင်ငံ သင်တန်းအတွင်းမှာ ကျွန်မခေါင်းဆောင်မှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ အစိုးရစနစ်များနဲ့ မြန်မာနိုင်ငံနဲ့ဆိုင်တဲ့ နိုင်ငံခြားရေးရာ ပေါ်လစီများကိုသင်ယူခဲ့ပါတယ်၊ ဒါက ကျွန်မကို အတွေ့အကြုံနဲ့ ယုံကြည်မှုများစွာပေးခဲ့ပါတယ်၊ အဲဒီနောက်ကျွန်မ KNPLF ကိုပြန်လာခဲ့ပါတယ်" ဟုပြောပါသည်။

သူမပြန်လည်ရောက်ရှိလာပြီးနောက်တွင် ကယန်းပြည်နယ် လူငယ် (KSY)ကိုဖွဲ့စည်းခဲ့ပြီး၊ နောက်ပိုင်းတွင်ကရင်နီပြည်နယ်လူငယ် များသမဂ္ဂ(UKSY)အဖွဲ့ဖြစ်ပေါ်လာကာ၊ ငြိမ်းချမ်းရေးကိုအကောင် အထည် ဖော်ရန် လူငယ်ခေါင်းဆောင်မှု၊ ပညာရေးနှင့် နိုင်ငံရေးတွင် ပါဝင်မှုတို့တွင်တိုးတက်လာရမည်ဟူသော သူမ၏ ယုံကြည်ချက် အတိုင်းလက်တွေ့လုပ်ဆောင်ခဲ့ပါသည်။ "လူငယ်တွေဟာ ကရင်နီ ပြည်နယ်တွင်းမှာ ငြိမ်းချမ်းရေးကိုဦးဆောင်သင့်ပါတယ်။ ဒါဟာကျွန်မ တို့ရဲ့ရည်ရွယ်ချက်ပါပဲ။"

ဤကာလအတွင်း မြန်မာစစ်တပ်သည် "စည်းကမ်းပြည့်ဝစစ်မှန် သောပါတီစုံဒီမိုကရေစီစနစ်" အတွက် ခေတ်သစ်တစ်ခုတွင်ဦးဆောင် လမ်းပြမည်ဟု ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံမူကြမ်းတစ်ခုကို မိတ်ဆက်ခဲ့ပါသည်။ လက်တွေ့တွင် ယင်းသည် မြန်မာနိုင်ငံတွင်း စစ်တပ်၏ထိန်းချုပ်မှုကိုသာ ပိုမိုတိုးပွား လာစေမည်ဖြစ်ပါသည်။ (၂၀၀၈)ခုနှစ်၊ မေလ(၁၀)ရက်နေ့တွင် ဆန္ဒခံယူပွဲကိုစီစဉ်ခဲ့ကြသည်။ မဲပေးမှုဦးဆောင်ရာတွင် အဲဗလင်းက "တရားဥပဒေစိုးမိုးမှုမရှိဘူး၊ ကန့်ကွက်ဖို့ ဒါမှမဟုတ် လမ်းပေါ်မှာ ချီတက်ဖို့အခွင့်အရေးမရှိဘူး၊ မြန်မာစစ်တပ်ကိုဆန့်ကျင်တဲ့ တစ်စုံတစ်ရာပြောမိပြီဆိုရင် အဖမ်းခံရ တယ် ဒါမှမဟုတ် အသတ်ခံကြရတယ်" ဟုပြောကြားခဲ့ပါသည်။ အဲဗလင်း နှင့် UKSY တို့သည် လျှို့ဝှက်လှုပ်ရှားမှုကိုစတင်ခဲ့ပြီး၊ ဆန္ဒ ခံယူပွဲကိုဆန့်ကျင်သည့်စာပေများနှင့် ဒေသခံအသိုင်းအဝိုင်း များကို ပညာပေးသည့်အစီအစဉ်များကို ပြုလုပ်ခဲ့ကြပါသည်၊ ဤလုပ်ဆောင် ချက်များကို မြန်မာစစ်တပ်အစိုးရက တရားမဝင်ဟုထင်မြင်ယူဆပါ သည်။

မေလရွေးကောက်ပွဲနည်းကပ်လာသည်နှင့်အမျှ မြန်မာစစ်တပ် သည် UKSY နှင့် သူတို့၏ အဖွဲ့ဝင်များ၏လုပ်ဆောင်ချက်များကိုစတင် သတိပြုလာမိကြသည်၊ အဲဗလင်းနှင့် အခြားသော အဖွဲ့ဝင်များသည် စစ်တပ်မှ သူတို့ကိုစောင့်ကြည့်နေကြောင်းကိုသိကြသည်။ "ကျွန်မ တို့မှာ ကြီးမားတဲ့ ရှုပ်ရှံတစ်ခုရှိတယ်။ ဒါပေမဲ့ ကြီးမားတဲ့ အန္တရာယ် တစ်ခုဟာ ကျွန်မတို့ဆီရောက်ရှိလာမယ်ဆိုတာကို မတွေ့ခဲ့ပဲ လုပ် ဆောင်မိခဲ့ကြတယ်။ ကျွန်မတို့တက်ကြွစွာလုပ်ဆောင်ခဲ့ရုံပါ။ အသိုင်း အဝိုင်း၊ ဘုရားကျောင်း၊ လယ်ကွင်းပြင်တွေ့၊ တောတွင်းမှာ အလုပ်ရုံ ဆွေးနွေးပွဲတွေအများကြီးလုပ်ခဲ့တယ်။ အလုပ်ရုံဆွေးနွေးပွဲ ပေါင်း ရာ ပေါင်းများစွာကိုလူငယ်တွေနဲ့လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်မတို့အောင် မြင်ဖို့ မမျှော်လင့်ခဲ့ပါဘူး။"

ဆန္ဒခံယူပွဲကို မေလ၁၀ရက်၊ (၂၀၀၈)ခုနှစ်ဟု အချိန်သတ်မှတ်ခဲ့ ပါသည်။ ထိုမတိုင်မီ တစ်ပတ် အလိုတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ကြောင့် မြေပြိုမှုများဖြစ်ပေါ်ကာ၊ ဇရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွင်း အပျက်အစီးအကြီးအကျယ်ဖြစ်ပေါ်စေခဲ့သဖြင့်၊ နောက်ဆုံးတွင် အသက်ပေါင်း (၁၄၀၀၀၀) နီးပါးကို ယူဆောင် သွားခဲ့လေသည်။ လူ ထုကြားတွင်ဒုက္ခဆင်းရဲများဖြစ်ပေါ်ခဲ့သော်လည်း၊ အစိုးရ အနေဖြင့် ဆန္ဒခံယူပွဲကိုဆက်လက်လုပ်ဆောင်ခဲ့လေသည်။ (၂၀၀၈)ခုနှစ်၊

မေလ(၁၅)ရက်နေ့တွင် မြန်မာအစိုးရသည် မဲပေးသူ (၉၉%) လာရောက်မဲပေးပြီး၊ မဲပေးသူ ၉၂.၄% ဖြင့် ဖွဲ့စည်းပုံကို အတည်ပြုထောက်ခြင်းခံရကြောင်းထုတ်ပြန်ကြေငြာခဲ့သည်။

ရွေးကောက်ပွဲနေ့ မေလ၁၀ရက်နေ့တွင် အဲဗလင်းနှင့် အခြား UKSY အဖွဲ့ဝင် သုံးဦး အဖမ်းခံခဲ့ရလေသည်။ သူမ၏သူငယ်ချင်းများသည် ညှင်းပမ်းနှိပ်စက်ခြင်းနှင့်ရိုက်နှက်ခြင်းခံခဲ့ရသည်။ သူမသည် သူတို့၏ အော်ဟစ်သံများကို ကြားခဲ့ရသည့်အချိန်ကိုပြန်ပြောပြခဲ့သည်။ "ကျွန်မကို ခွန်ကိုယ်ပိုင်း နှိပ်စက်ခြင်း မပြုခဲ့ပေမဲ့စိတ်ပိုင်းဆိုင်ရာညှင်းပမ်းနှိပ်စက်မှုကိုပြုခဲ့ကြတယ်။" သူမကို KNPLF၏အချုပ်အနှောင်အောက်သို့ပြန်လွှတ်ခဲ့ပြီး၊ သူတို့၏ ခြံဝင်းတွင် နှစ်လကြာနေထိုင်ခဲ့ရသည်။

အတွေ့အကြုံကအဲဗလင်းကို တွန်းအားပေးခဲ့သည်။ ယခင်ကထက်ကျွန်မပိုပိုနက်နဲတဲ့ အရာကိုစဉ်းစားဖို့လိုအပ်လာတယ်။ "ကျွန်မဘာဆက်လုပ်မလဲ။ ကျွန်မယုံကြည်လာခဲ့တဲ့အရာကတော့ အကြမ်းမဖက်ခြင်းဟာ အလုပ်မဖြစ်ဖူးဆိုတာပါပဲ။ ဒါကြောင့် ကျွန်မမှာရှိတာနဲ့ အကုန်ပြန်လည် တွန်းလှန်ဖို့လိုပါတယ်။ ကျွန်မမှာ သေနတ်ရှိရင် ကျွန်မပစ်မယ်။ ကျွန်မမှာ တုတ်ရှိရင် တုတ်နဲ့ရိုက်မယ်။ ဒီလိုစိတ်မျိုး ကျွန်မဆီရောက်လာပါတယ်။"

အဲဗလင်း၏ဖမ်းဆီးခံခဲ့ရခြင်းသည် သူမကို မတားဆီးနိုင်ခဲ့ပါ။ သူမကိုရှေ့သို့သာဆက်လက်တွန်းပို့ခဲ့ ပါသည်။ "ကျွန်မစဉ်းစားခဲ့တာပေါ့နော်။ လူငယ်တွေကို စည်းရုံးဖို့အတွက်က ကျွန်မတို့တတွေကိုယ်ရောစိတ်ပါသင်တန်းကောင်းကောင်းမွန်မွန်ပေးဖို့နဲ့ ကျွန်မတို့ရဲ့ရည်ရွယ်ချက်တွေရှင်းလင်းနေစေဖို့လိုအပ်တယ်ဆိုတာကိုပေါ့နော်။" (၂၀၁၀)ခုနှစ်နောက်ပိုင်းတွင် သူမသည် FBR စခန်းသွင်းသင်တန်းကိုတက်ရောက်ခဲ့ပါသည်။ "FBR ဟာ ကျွန်မမျှော်လင့်ခဲ့တာထက်ပိုတယ်။ အကြောင်းကတော့ ဒီမတိုင်ခင်က ကျွန်မလူတွေနဲ့ ပတ်သတ်လို့ ဂိညာဉ်ရေးရာအပိုင်းအနေနဲ့ ဘယ်လိုစဉ်းစားပေးရမယ်ဆိုတာကိုမတွေးပေးခဲ့ဖူးဘူး။ ဂိညာဉ်ရေးရာပိုင်းမှာ တက်ကြွလှုပ်ရှားလာဖို့ဆိုတဲ့အရာကမမျှော်လင့်ခဲ့တဲ့အရာပါ။ ကိုယ်ခွန်ကာပိုင်း ဆိုင်ရာပြင်ဆင်မှု၊ ဂိညာဉ်ပိုင်းဆိုင်ရာပြင်ဆင်မှု၊ နိုင်ငံရေးနဲ့ နည်းဗျူဟာပိုင်းဆိုင်ရာ အတတ်ပညာ အစရှိတဲ့ကျွန်မရရှိခဲ့တဲ့အရာတွေကကျွန်မကိုဂုဏ်ယူစေပါတယ်။"

"ဘုရားသခင်ကိုချစ်ခြင်းနဲ့ နောက်သို့လိုက်ခြင်းဟာအကောင်းဆုံးသောနည်းလမ်းဖြစ်တယ်ဆိုတာကို ကျွန်မသင်ယူခဲ့ရပါတယ်။" "ကျွန်မ FBR မှာအလုပ်လုပ်ပြီးနောက် KNPLF, UKSY တို့ဆီမှာ


FBR သင်တန်း - ရေဒီယိုတစ်လုံးအသုံးပြုပုံကိုသင်ယူခြင်း။


FBR သင်တန်း - ဗီဒီယိုမှတ်တမ်းတင်နည်း။


ရိုန်းဂျားအတားအဆီးသင်တန်းတစ်ခုမှ အဲဗလင်း။

ရိန်းဂျားတစ်ဦး အနေနဲ့ အလုပ်လုပ်ဆောင်ခဲ့ပါတယ်။ UKSY အတွက် အလုပ်ချိန်အများဆုံးထားခဲ့ပြီး၊ အတွင်းရေးမှူးအမှတ် ၂ အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။" လူငယ်များသည်ကရင်နီ လက်နက်ကိုင် အုပ်စုအားလုံး တွေ့ဆုံဖို့ရန် ပွဲတစ်ခုကိုစီစဉ်ခဲ့သည်။ "ကျွန်မတို့ အားလုံး သဘောတူညီနိုင်မယ့်အရာတွေကို တွေ့မြင်နိုင်ရန်မျော်လင့်ခဲ့ပါတယ်။" အဲဇလင်း၏ပြောကြားချက်အရ တွေးဖော်ကြံဆချက်များထဲမှ တစ်ခုသည် "ကျန်းမာရေးလုပ်သားများအားလုံးကို စုစည်းပြီး၊ ကရင်နီပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုမယ့် အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ဖို့ပါပဲ။" သူတို့သည်သဘောတူညီမှုတစ်ခုသို့ ရောက်ရှိခဲ့ပြီး၊ အဲဇလင်းသည် ဒုညွှန်ကြားရေးမှူးအဖြစ် အော်ပရေးရှင်းလုပ်ဆောင်မှုတစ်ခု အတွင်းဦးဆောင်ခဲ့ လေသည်။ ကရင်နီလူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက် (KCHDN) သည် ကရင်နီ EAOs ခြောက်ခုမှ ကျန်းမာရေးဌာနများကိုအတူတကွပေါင်းစည်းစေခဲ့သည်။

"ကျွန်မဒီကွန်ရက်နဲ့ရှစ်နှစ်အလုပ်လုပ်ခဲ့ပါတယ်။ အသိုင်းအဝိုင်းဖန်းကျင်ထဲမှာ အခြေခံကျတဲ့ ကျန်းမာရေးဖန်ဆောင်မှုတွေအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေအများကြီးနဲ့ ပြည်သူ့ကျန်းမာရေး ပေါ်လစီဖွံ့ဖြိုးရေးနဲ့အကောင်ထည်ဖော်ဆောင်ရွက်ခြင်းတွေကိုလုပ်ခဲ့တယ်။ ကျွန်မ


အဲဇလင်း နိုင်ငံရေးပွဲတစ်ပွဲတွင်စကားပြောနေစဉ်။

တို့ဆီမှာအိမ်မက်တွေအများကြီးရှိခဲ့တယ်။ အစမှာတော့ ကျွန်မတို့ရုံးဟာကျွန်မတို့အိမ်နောက်မှာ ရှိခဲ့ပြီး၊ ရံပုံငွေလည်းမရှိပါဘူး။ ကျွန်မတို့ဆီမှာ စိတ်ကူးနဲ့ အချိန်ပဲ ရင်းနှီးမြှုပ်နှံဖို့ရှိခဲ့ပါတယ်။"

ကွန်ယက်သည်လျင်မြန်စွာပင်အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း၏ စိတ်ဝင်စားမှု၊ ရံပုံငွေများစွာတို့ကိုဆွဲဆောင်နိုင်ခဲ့ပါသည်။ အဲဇလင်းသည်ဤမတည်ငွေများသည် ကြိုတင်သတ်မှတ်ထားသော ဦးစားပေးရမည့်အရာများရှိသည်ကိုနားလည်ထားခဲ့ပါသည်။ သို့ဖြစ်ရာ စနစ်တစ်ခုကိုတည်ဆောက်ရာတွင် အလှူရှင်များဝင်ချီထွက်ချရှိသော်လည်း သူမ၏ ဦးစားပေးမှုမှာပြောင်းလဲမှုမရှိသည့်စနစ်တစ်ခုကို တည်ထောင်ရန်ဖြစ်ပါသည်။ "ကျွန်မတို့ဟာကိုယ့်ကိုယ်ကိုအားကြီးအောင်လုပ်ဆောင်ရပါတယ်။ ကျွန်မတို့ ဘာလိုအပ်နေလဲ ဆိုတာကို အလှူရှင်တွေကိုပြောလို့ရပါတယ်။ အလှူရှင်တွေရဲ့ ဦးစားပေးမှုကို ကျွန်မတို့လိုအပ်ချက်တွေနဲ့ ရောနှောလိုက်လို့ရတယ်။ အလှူရှင်တွေ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတွေနဲ့ ခိုင်မာတဲ့ ဆက်ဆံရေးကို ကျွန်မတို့တည်ဆောက်ပါတယ်။" ရှစ်နှစ်အတွင်းတွင် ကွင်းဆင်းအမှုထမ်း(၅၀၀) နှင့် ရုံးတွင်းအမှုထမ်း(၉၀)တို့ရှိခဲ့ပြီး၊ များပြားပြီးမတူညီသည့်အပြည်ပြည်ဆိုင်ရာ NGOs များ၏မတည်ငွေများကိုထိန်းသိမ်းစီမံခဲ့ကြသည်။

ဒုညွှန်ကြားရေးမှူးအနေဖြင့်သူမ၏ရာထူးတွင် သူမသည် အမျိုးသမီးအခွင့်အရေး၊ လူငယ်ပညာရေးနှင့် နိုင်ငံရေးပါဝင်မှု၊ ပြည်သူ့ကျန်းမာရေး၊ နိုင်ငံခြားအလှူရှင်များ နှင့် EAOs တို့နှင့်ပတ်သတ်သောကိစ္စရပ်များဝန်းရံနေသည့် ပညာရှင်အသိုင်းအဝိုင်းကြီးကြီးတစ်ခုကို တည်ဆောက်နိုင်ခဲ့လေသည်။ အဲဇလင်းသည် အရပ်ဘက် အဖွဲ့အစည်း (CSOs) ၏အသံများသည် အသိအမှတ်ပြုခြင်းမခံရကြောင်း၊ "CSOs အသံများအမှန်တကယ်ထိရောက်မှုရှိရန် လွှတ်တော်တွင် ဥပဒေနည်းလမ်း အတိုင်း သွားရန်လိုအပ်ကြောင်း" ယုံကြည်လာခဲ့လေသည်။

အဲဇလင်းသည် KCHDN တွင်လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လုပ်ဆောင်နေသည်မှ နူတ်ထွက် ပြီး ကယား(ကရင်နီ)ပြည်နယ်ဒီမိုကရက်တစ်ပါတီ (KySDP)သို့ဝင်ရောက်ခဲ့သည်။ သူမသည် (၂၀၂၀)ခုနှစ် ရွေးကောက်ပွဲတွင် အဖွဲ့၏လွှတ်ကောက်ပွဲ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်လာခဲ့သည်။ သူမသည် စည်းလုံးညီညွတ်မှုပလက်ဖောင်းတစ်ခုပေါ်မှလုပ်ဆောင်ခဲ့သည်။ "ကျွန်မတို့အသိုင်းအဝိုင်းထဲမှာ အလွန်လိုအပ်ဆုံးသောအရာကတော့စည်းလုံးညီညွတ်မှု


ကယားဒီမိုကရက်တစ်ပါတီ(KYSDP)အတွက် ကရင်နီပြည်နယ်လူငယ်များ။

ပါပဲ။ စည်းလုံးမှုမရှိဘူးဆိုရင် ငြိမ်းချမ်းရေး တိုးတက်မှုအတွက် အရှေ့ကိုဆက်လျှောက်လို့မရပါဘူး။ ဒါဟာအရမ်းအရေးကြီးတဲ့အရာတစ်ခုပါ။ ကျွန်မဟာသင့်ကိုတိုးတက်လာအောင်မလုပ်ပါဘူး။ သင်လိုအပ်တဲ့အရာကိုသိရှိလာနိုင်စေဖို့အတွက် သင့်အရည်အချင်းကိုပဲတိုးတက်လာအောင်လုပ်ဆောင်ပေးနိုင်ပါတယ်။ လူတွေရဲ့မျက်လုံးနဲ့ စိတ်ကို ဖွင့်ပေးဖို့အတွက် ကျွန်မလုပ်ပေးပါမယ်။ ဒါမှသူတို့က ကျွန်မကိုသူတို့ရဲ့လိုအပ်ချက်တွေ အဓိကဦးစားပေးတွေကိုဖော်ပြပေးခြင်းအားဖြင့် ကူညီပါလိမ့်မယ်။”

သူမသည်ရွေးကောက်ပွဲတွင်နိုင်ခဲ့ပြီး၊ ပြည်နယ်လွှတ်တော်တွင် ရွေးကောက်ခြင်းခံရသော ပထမဆုံးကရင်နီအမျိုးသမီးဖြစ်ခဲ့လေသည်။ သူမ၏တာဝန်ကာလသည်ငါးနှစ်ဖြစ်ကာ၊ ဖွံ့ဖြိုးရေးနှင့်ပညာရေးအတွက် အစီအစဉ်များသူမတွင်ရှိခဲ့သည်။ “ကျွန်မရဲ့ ကြီးမားလှတဲ့ အိမ်မက်ကတော့ ကရင်နီပြည်နယ် မြို့နယ်ခုနစ်ခုလုံးမှာနိုင်ငံရေးအသိအမြင်တွေကိုသင်ကြားပေးနိုင်တဲ့ လူငယ်နဲ့အမျိုးသမီးသင်ကြားရေးစင်တာတွေကို ဆောက်လုပ်ဖို့နဲ့ စီမံဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။” စင်တာများသည် အမျိုးသမီးနှင့် လူငယ်များအတွက် နိုင်ငံရေးဆိုင်ရာအသိအမြင်တို့ကို သင်ကြားပို့ချပေးရန်နှင့် အမြင်ဖွင့်ရန်အပြင်ခေါင်းဆောင်မှု၊ ဒီမိုကရေစီ၊ လူအခွင့်အရေးများနှင့် အစိုးရစနစ်အစရှိသည်တို့ကို သင်ကြားပေးရန်ဖြစ်ပါသည်။

ရွေးကောက်ပွဲပြီးနောက်သုံးလခန့်အကြာတွင်ပင်စစ်အစိုးရသည် (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီ (၁)ရက်နေ့တွင် အာဏာသိမ်းပိုက်ခဲ့ပါသည်။ ကရင်နီခေါင်းဆောင်တို့သည် အတူတကွစုပေါင်းပြီး၊ အာဏာဖီဆန်ရေးလှုပ်ရှားမှုများကိုထောက်ပံ့ရာတွင် အကြမ်းမဖက်သောဆန့်ကျင်ဆန္ဒပြမှုများဖြင့်တုံ့ပြန်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ငြိမ်းချမ်းစွာဆန္ဒပြခြင်းသည်ကြီးထွားလာခဲ့ပါသည်။ မြန်မာ စစ်တပ်သည် အဆပေါင်းများစွာ ကြီးမားသောအင်အားနှင့် ခြိမ်းခြောက်မှုတို့ကိုစတင်အသုံးပြုကာ ငြိမ်းချမ်းစွာဆန္ဒပြခြင်းကိုဖြိုခွင်းလာခဲ့သည်။ တချိန်တည်းတွင်ပင် လူအခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် သူတို့၏လုပ်ဆောင်ချက်များကို တရားဝင်ပြုလုပ်ရန် ပြစ်မှုဆိုင်ရာဥပဒေများကိုပြုပြင်ခဲ့သည်။ စစ်တပ်သည် အဲဗလင်းနှင့်အခြားခေါင်းဆောင်များကိုဖမ်းဆီးရန်အမိန့်ချမှတ်ခဲ့ပြီး၊ သူတို့၏အမည်စာရင်းတစ်ခုကိုထုတ်ဖော်ခဲ့သည်။ သူမသည်သူမ၏ကလေးများကို အမျိုးများနဲ့ထားရစ်ခဲ့ပြီး၊ တောထဲတွင်သူမအလုပ်ကိုဆက်လက် လုပ်ဆောင်ရန် ထွက်ခွာခဲ့သည်။ ဇူလိုင်(၂၀)ရက်နေ့တွင် မြန်မာစစ်တပ်သည်သူမ၏ဆွေမျိုးနေအိမ်သို့ ဝင်ရောက်ခဲ့သည်။ ဤတစ်ကြိမ်တွင်အဲဗလင်းနှင့် သူမ၏မိသားစုသည် ကလေးများကို မြန်မာစစ်တပ်ထိန်းချုပ်မှုအပြင်ဘက် နယ်စပ်ဒေသများသို့ရွှေ့ပြောင်းရန်ဆုံးဖြတ်ခဲ့ကြသည်။

မြန်မာစစ်တပ်၏နိမ့်နိမ်းဖြို့ခွဲမှုပြင်းထန်လာချိန်တွင် စစ်တပ်ကို ဆန့်ကျင်ရန် “ကျွန်မတို့ဟာ ပြည်နယ် အဆင့်မှာအမျိုးသားညီညွတ်ရေးအစိုးရ (NUG) နဲ့ အလုပ်လုပ်ဖို့ ကရင်နီပြည်နယ် အတိုင်ပင်ခံကော်မတီ (KSCC) ကိုဖွဲ့စည်းခဲ့ပါတယ်။ သူမတို့နဲ့အလုပ်လုပ်ဆောင်နေတဲ့အဖွဲ့အစည်းတွေထဲမှာ NUG ဟာ အသစ်သောပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ “ကျွန်မတို့လုပ်ဆောင်ဖို့ အလုပ်များစွာရှိပါတယ်။”

KSCC အဖွဲ့ဝင်တစ်ဦးဖြစ်သူ အဲဗလင်းသည် သူမတွင် ကောင်းမွန်သောအင်တာနက်ရှိနေသရွေ့ အဝေးမှအလုပ်လုပ်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် လပေါင်းများစွာဝေးကွာခဲ့ပြီးသည့်နောက်တွင် သူမသည် ကလေးများနှင့်အောက်တိုဘာလတွင်ပြန်လည်တွေ့ဆုံနိုင်ခဲ့ပြီး၊ သူတို့နှင့် အတူ နေထိုင်နိုင်ခဲ့ပါသည်။ သို့ရာတွင် မြန်မာစစ်တပ်၏ဖိအားသည် နယ်စပ်တိုင်အောင် ချဲ့ထွင်လာသဖြင့်ထိုနေရာသည်လည်း လုံခြုံသောခိုနားရာတစ်ခုမဟုတ်တော့ပေ။ အဲဗလင်းသည် နယ်စပ်နိုင်ငံသို့ ပြည်စွန့်ခွာ ထွက်ပြေးသူတစ်ဦးအနေနဲ့ရွှေ့ပြောင်းဖို့ရန် ဆုံးဖြတ်ချက်ကိုချခဲ့ရပါသည်။

ယခုအခါတွင်လုံခြုံသော်လည်း သူမ၏အမိမြေမဟုတ်သောနိုင်ငံတွင်နေထိုင်နေသောအဲဗလင်းသည် မြန်မာနိုင်ငံတွင်းနေထိုင်နေသောအခြားသူများနည်းတူ “ငါ့အနာဂတ်ကဘာဖြစ်မလဲ” ဆိုသည့်မေးခွန်းဖြင့် နေထိုင်လျက်ရှိပါသည်။



အဲဗလင်းမှ နိုင်ငံရေးမိန့်ခွန်းတစ်ခုပေးနေစဉ်။

ဆုတောင်းချက်

ကျေးဇူးပြုပြီး လူမျိုးစုငယ်ခေါင်းဆောင်များ အတူတကွပူးပေါင်းနိုင်ရန်နှင့် ငြိမ်းချမ်းရေး၊ ချစ်ခြင်းနှင့်လွှတ်မြောက်ခြင်းတို့၏အမည်နာမအောက်တွင် လူတို့ကိုကူညီနိုင်မည့် စည်းလုံးညီညွတ်မှု အတွက် ဆုတောင်းပေးပါ။

မြန်မာနိုင်ငံသားများအနေဖြင့် တရားမျှတမှုကို ရှာဖွေရာတွင် နောက်ထပ်ခြေလှမ်းများကို မည်သို့ လျှောက်လှမ်းရမည်ဆိုသည်ကို နားလည်နိုင်မည့်ဉာဏ်ပညာအတွက် ဆုတောင်းပေးပါ။

သနားခြင်းဂရုဏာနှင့် ကျေးဇူးတော်အတွက်ဆုတောင်းပေးပါ။ ကျွန်မတို့အားလုံး ခွင့်လွှတ်ခြင်းကို လိုအပ်ကြောင်းကို လူတို့အားလုံးသိရှိလာကြစေရန်၊ ကျွန်ုပ်တို့အား ထိခိုက်နာကျင်စေခဲ့သောသူတို့ကို ခွင့်လွှတ်ရန် ဆန္ဒရှိသင့်ကြောင်းကိုသိရှိလာကြစေရန် ဆုတောင်းပေးပါ။



ရိုဟင်ဂျာဒုက္ခသည်စခန်းတစ်ခုတွင်လောင်ကျွမ်းသောမီး။

ရိုဟင်ဂျာ

ဒုက္ခသည်များ

ဘင်္ဂလားဒေ့ရှ်

အကြိမ်ကြိမ်မီးလောင်ကျွမ်းမှုသည် ရိုဟင်ဂျာဒုက္ခသည်စခန်းများကို ဖျက်ဆီးပစ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားခရိုင်အတွင်းမှရိုဟင်ဂျာဒုက္ခသည် စခန်းများသည် ၂၀၂၁ခုနှစ် အစောပိုင်းတွင် ကြီးမားလှသော မီးလောင်ကျွမ်းမှုကြီးသုံးခုကို သုံးလဟူသောကာလတစ်ခုအတွင်းတွင် အပြင်းအထန်ခံစားခဲ့ရပြီး၊ ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့ကာ၊ ရာပေါင်းများစွာသောသူတို့ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ပျောက်ဆုံးစေခဲ့ခြင်းနှင့် လူသေဆုံးမှုအများအပြားတို့ကိုဖြစ်ပေါ်စေခဲ့ပါသည်။

(၂၀၂၁)ခုနှစ်၊ ဧပြီလ(၂)ရက်နေ့ နံနက်အစောပိုင်းတွင်ထဲနပ်(ဖ)မြို့အနီးတွင်တည်ရှိသော ပြန့်ကျဲနေသည့် ဒုက္ခသည်စခန်းများ၏ များပြားလှသော အပိုင်းများထဲမှတစ်ခုဖြစ်သည့် ဘလုကလီစခန်း (၁၀) တွင် ပြင်းထန်သော မီးလောင်ကျွမ်းမှုတစ်ခုစတင်ဖြစ်ပွားခဲ့ပါသည်။ ဒေသခံရိုဟင်ဂျာကယ်ဆယ်ရေး အဖွဲ့သည် (၂၀၂၁)ခုနှစ်၊ ဧပြီလ(၃)ရက်နေ့ နံနက်ဧနာရီတွင်ရောက်ရှိလာပြီး၊ လူတို့ကို စတင်ကယ်ဆယ်ခဲ့ကြသည်။ မီးသည် ရိုဟာဂျာဆိုင်တစ်ခုမှစတင်ခဲ့ကာ အခြားသောပူးကပ်နေသည့် ဆိုင်ဝ၅လုံးသို့ လျင်မြန်စွာကူးခဲ့သည်။ ရောင်းကုန်ပစ္စည်းများအပါအဝင် အခြားသော ကုန်ဆိုင်များအားလုံးသည်ပြာအဖြစ်သို့ လုံး၀ လောင်ကျွမ်းပျက်စီးသွားခဲ့သည်။ မီးစတင်လောင်ကျွမ်းစဉ်တွင် စတိုးဆိုင်များအတွင်းတွင်လူငါးဦး ရှိနေပြီး၊ သူတို့ထဲမှလူသုံးဦးသေဆုံးကာ နှစ်ဦးတို့သည် ပြင်းထန်စွာ ဒဏ်ရာရခဲ့လေသည်။

ထိုထက်ပိုပြင်းထန်သောမီးသည် (၂၀၂၁)ခုနှစ်၊ မတ်လ(၂၂)ရက်နေ့တွင် ထဲနပ်(ဖ)မြို့အနီး ဘလုကလီ အတွင်း စခန်း 8W ကို အကြီးအကျယ်ဖျက်ဆီးခဲ့လေသည်။ မီးသည် ညနေ(၃)နာရီတွင် စတင်ခဲ့ကာ ညနေ၈နာရီအထိ ထိန်းချုပ်နိုင်မှုမရှိခဲ့သေးပေ။ ခန့်မှန်းခြေ လူနေထိုင်ရာ နေရာ (၁၀၀၀၀)ခန့်တို့ကို လုံး၀ပျက်စီးစေခဲ့ပြီး၊ လူပေါင်း (၈၅၀၀၀) တို့ကို အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သည်။

ကလေးရာပေါင်းများစွာတို့ ပျောက်ဆုံးနေသည်ဟုတင်ပြမှုများ ရှိခဲ့ပြီး၊ လူပေါင်း (၁၅)ဦးခန့်အသက်ဆုံးရှုံးခဲ့သည်။ ထိုသို့သော လူအသက်များအပြင် ဆိုင်များ၊ ကျောင်းများ၊ ဗလီတစ်လုံးဆေးရုံ နှင့် အစားအသောက်စင်တာများ အားလုံးပျက်စီးခဲ့လေသည်။

ဒေသခံရိုဟင်ဂျာကယ်ဆယ်ရေးအဖွဲ့သည်အကူအညီပေးရန်အလျင်အမြန်ရောက်ရှိလာကာ လူတို့ကို နေရာရွှေ့ပြောင်းပေးခြင်း၊ သူတို့ပိုင်ပစ္စည်းများကို ကူညီသယ်ဆောင်ပေးခြင်း နှင့် ဒေသခံ မီးသတ်ဌာန နှင့် ပူးပေါင်းကာ မီးငြိမ်းသတ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ကျေးရွာခေါင်းဆောင်တစ်ဦးက စခန်းကို ဖန်းရံထားသော သံဆူးကြိုးစည်းရိုးများကလူတို့ကို အပြင်သို့ မထွက်ပြေးနိုင်အောင် တားဆီးထားခဲ့ခြင်းဖြစ်ကြောင်းဖော်ပြပါသည်။ (၂၀၂၁)ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ရိုဟင်ဂျာအဖွဲ့မှ ခြင်ထောင်များကိုဖြန့်ဝေခဲ့ပြီး၊ 8W စခန်းတွင်းမှ မိသားစု စုစုပေါင်း (၄၀၀) ကို ကူညီနိုင်ခဲ့ပါသည်။

အခြားမီးလောင်ကျွမ်းမှုတစ်ခုသည်လည်း ဤနှစ်အစောပိုင်းတွင်ဖြစ်ပေါ်ခဲ့ပါသည်။ (၂၀၂၁)ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့တွင် နယာပါရာဒုက္ခသည်စခန်းသည် မီးလောင်ကျွမ်းမှုတစ်ခုကြောင့် ရိုဟင်ဂျာ အိမ်ခြေပေါင်းများစွာ ပျက်စီးသွားရသည်ကို အရေးပေါ်တုံ့ပြန်မှုဖြင့် မီးငြိမ်းသတ်မှုမပြုနိုင်မှ နာရီပေါင်းများစွာကြာမြင့်သည်အထိရင်ဆိုင်ခဲ့ရလေသည်။ ရိုဟင်ဂျာအသင်းသည် လျင်မြန်စွာတုံ့ပြန်ခဲ့ကြပြီး၊ မိသားစုများကို ဘေးကင်းရာနေရာတစ်ခုသို့ ရွှေ့ပြောင်းပေးခြင်း၊ နီးစပ်ရာရေတွင်းများမှရေ သယ်ပို့ပေးအပ်ခြင်းဖြင့် မီးသတ်ဌာနကိုကူညီပေးခြင်းတို့ကိုလုပ်ဆောင်ခဲ့ပါသည်။ အဖွဲ့ဝင်နှစ်ဦးတို့သည်မိမိ တို့အိမ်နှင့်ပိုင်ဆိုင်မှုအားလုံးတို့ကိုမီးထဲတွင်ဆုံးရှုံးခဲ့ကြသည်။ လူအနည်းငယ်ထိခိုက်ဒဏ်ရာရကာ အိမ်ပေါင်းရာနှင့်ချီပျက်စီးခဲ့ပြီး၊ ကလေးများပျောက်ဆုံးခြင်း၊ ရေစုပ်စက်အချို့ထိခိုက်ပျက်စီးခြင်း နှင့် လူရာပေါင်းများစွာ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့်ထွက်ပြေးခဲ့ကြရလေသည်။ ရိုဟင်ဂျာရိန်းဂျား များသည် အရာအားလုံးဆုံးရှုံးခဲ့ရသောမိသားစုပေါင်း (၅၀၀) ကျော်တို့အတွက်မိသားတစ်စုလျှင် စောင် တစ်ထည်နှင့်ဖျာတစ်ချပ်ကိုဝေပေးခဲ့နိုင်ပါသည်။

ရိုဟင်ဂျာအဖွဲ့သည် တရားခံမိသားစုအချို့တို့နှင့်တွေ့ဆုံခဲ့ပါသည်။ မေးမြန်းခြင်းခံရသောသူများသည် မီးလောင်ကျွမ်းခြင်း၏ အကြောင်းရင်းအတိအကျကိုမဆုံးဖြတ်နိုင်ကြပေ။ အမျိုးသမီးတစ်ဦးက လုံခြုံရာသို့ ထွက်ပြေးခြင်းမပြုမီတွင် ခါတင်ငွေအနှံ့ရကြောင်းဖော်ပြခဲ့ပါသည်။ မီးသည်အလွန်လျင်မြန်စွာရွှေ့လျားနေပြီး၊ သူမကလေးများကိုအချိန်မှီရုံလေးသာဆုပ်ကိုင်ထွက်ပြေးနိုင်ခဲ့ပြီး၊ ဖျားနာနေသော ခင်ပွန်းသည်ကိုအနောက်တွင်ထားခဲ့ရပါသည်။ သူသည်ဖျားနာနေသဖြင့် လှုပ်ရှား မရပါ။ သူမက "ကျွန်မနေရာကိုစွန့်ခွာခဲ့ရတယ်။ ကျွန်မရှေ့မှာမီးလောင်ကျွမ်းနေတဲ့ ခင်ပွန်းသည်ကို ကြည့်ပြီး ငိုနေခဲ့ရတယ်။ ကျွန်မ ခင်ပွန်းသည်ရဲ့ စူးစူးဝါးဝါးအော်ဟစ်သံကိုကြားနေရတဲ့အခါ အတွေးများကစင့်ကလျား ဖြစ်နေသလိုခံစားခဲ့ရပါတယ်" ဟု ပြောကြားခဲ့ပါသည်။

ရဲများကဘင်္ဂလားဒေ့ရှ်လူငယ်အချို့ကို မီးစတင်ရှို့ခဲ့သည့် အတွက်ဖမ်းဆီးအပြစ်ဒဏ်ပေးခဲ့ကြပါသည်။

သုံးလအတွင်းမီးလောင်ကျွမ်းမှုသုံးခုသည် ကော့ဘဇားဒုက္ခသည် စခန်းများအတွင်း နေထိုင်သော ရိုဟင်ဂျာထောင်နှင့်သောင်းပေါင်းများစွာတို့၏ အိမ်များနှင့်ပိုင်ဆိုင်မှုတို့ကိုဖျက်ဆီးပစ်ခဲ့သည်။ ဤမီးလောင်ကျွမ်းမှုတစ်ခုစီနောက်တွင်ရိုဟင်ဂျာအဖွဲ့သည် စခန်းတွင်းတွင်လုပ်ဆောင်လျက်ရှိသော အခြား NGOs အဖွဲ့များဖြစ်သည့် BD လခြမ်းနီအသင်း၊ IOM,


အိမ်တစ်လုံး၏အကြွင်းအကျန်များ။


ယောကျ်ားလေးငယ်တစ်ဦး မိမိအိမ်အကြွင်းအကျန်များရှေ့တွင်မတ်တပ်ရပ် နေစဉ်။


ဒုက္ခသည်များ စောင်နှင့်ဖျာတို့ကိုလက်ခံနေစဉ်။



ဒုက္ခသည်တစ်ဦးကလေးကိုဘေးကင်းရာပို့ပေးနေစဉ်။

World Vision, Plan International, MSF, Turkish Aid နှင့် BRAC တို့နှင့်အတူ အကူအညီများကိုပေးနိုင်ခဲ့ပါသည်။

ရေကြီးရေလျှံမှုကြောင့်ဘလုကလီဒုက္ခသည်စခန်းတွင် ရိုဟင်ဂျာဒုက္ခသည်များသေဆုံးပြီးပျောက်ဆုံးနေခြင်း။

ဘလုကလီဒုက္ခသည်စခန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဂျူလိုင်လတွင်း မိုးရွာသွန်းမှုကြီးခြင်းနှင့် ရေကြီးရေလျှံမှုတို့ကြောင့်မြေပြိုခြင်းများဖြစ်ပေါ်ကာ ဘလုကာလီဒုက္ခသည်စခန်းတွင်း အိမ်ပေါင်း (၃၀၀) ကျော်ကိုဖျက်ဆီးခဲ့ပါသည်။ ကလေးငယ်များအပါအဝင် လူပေါင်းများစွာရေနစ်သေဆုံးခဲ့ကြပြီး၊ ထောင်ပေါင်းများစွာတို့ အိုးအိမ်ဆုံးရှုံးခဲ့ကြပါသည်။ စားနပ်ရိက္ခာပို့ဆောင်မှုကိုယာယီဖြတ်တောက်ခဲ့ကြပြီး၊ မိသားစုပေါင်း (၃၀၀) ကျော်သည် မိုးဆက်လက် ရွာသွန်းမှုကြောင့်အစားအစာမရှိပဲနေထိုင်ခဲ့ရပါသည်။

ထိုနေရာတွင်နေထိုင်သောရိုဟင်ဂျာဒုက္ခသည်များလူပ်ရှားမှုကိုထိန်းချုပ်ရန် စခန်းများကို သံဆူးကြိုးစည်းရိုးဖြင့်ပန်းရံထားပါသည်။ သို့ဖြစ်ရာ ရေကြီးမှုကြောင့် ထွက်ပြေးရန်ကြိုးစားသူ အချို့ကိုဟန့်တားရာရောက်ပြီး၊ နောက်ဆုံးတွင်ရေနစ်သေဆုံးခြင်းဖြင့် အဆုံးသတ်ခဲ့ရပါသည်။ ဤရိုဟင်ဂျာ ဒုက္ခသည်များသည် (၂၀၁၇) ခုနှစ်တွင် မြန်မာစစ်တပ်၏လူမျိုးတုံးသတ်ဖြတ်မှုကိုရှောင်ပြေးလာခဲ့ပြီး၊ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းများတွင် ထိုစဉ်မှစကာ ပိတ်မိနေခဲ့သဖြင့်၊ မိမိတို့မွေးရပ်မြေသို့ပြန်ရမည့် အလားအလာများကင်းမဲ့နေခဲ့ပါသည်။ လက်ရှိတွင်တစ်နှစ်ပြီးတစ်နှစ်ဤစခန်းများတွင် တစ်သန်းခန့်သောဒုက္ခသည်များသည် ရောဂါဘယ၊ မီး နှင့် ရေလျှံမှုတို့ကြောင့် ထိခိုက်ခံစားနေကြရပါသည်။

ကျေးဇူးပြု၍ ရိုဟင်ဂျာလူမျိုးများနှင့် သူတို့၏မရေရာသောအနာဂတ်တို့အတွက်ဆုတောင်းပေးစေလိုပါသည်။



ဒုက္ခသည်တစ်ဦး စောင်နှင့် ဖျာလက်ခံနေစဉ်။

ဆုတောင်းချက်

ကျေးဇူးပြုပြီး မီးဘေးဒဏ်ကြောင့် ထိခိုက်ခဲ့ရသည့် မိသားစုပေါင်း ထောင်ပေါင်းများစွာတို့၏ ပြန်လည်တည်ဆောက်ရေးကိုကြိုးပမ်းလုပ်ဆောင်နေခြင်းအတွက် ဆုတောင်းပေးပါ။ ဤလူမျိုးများ လွတ်လပ်စွာနေထိုင်နိုင်မည့်နေရာတစ်ခုကို ဘုရားသခင် သူတို့အတွက် ပေးအပ်ပေးရန် ဆုတောင်းပေးပါ။

ဘုရားသခင်၏ဂရုဏာတော်သည် နံချာသူတို့ကို နှစ်သိမ့်ပေးရန် နှင့် သို့မှတဆင့် ဘုရားသခင်၏ တည်ရှိမှုကိုထိခိုက်နာကျင်ခံစားရသူများကြားခံစားသိရှိနိုင်စေရန် ဆုတောင်းပေးပါ။

မြန်မာနိုင်ငံ
အနောက်ပိုင်း

ချင်းပြည်နယ်

မြန်မာစစ်တပ်သည် လမ်းပေါ်တွင်ဆန္ဒပြသူ ရာပေါင်းများစွာကိုသတ်ခဲ့ပြီး၊ ထောင်ပေါင်း များစွာကို ဖမ်းဆီးခဲ့ပါသည်။

(၂၀၂၁)ခုနှစ်ဖေဖော်ဝါရီ(၁)ရက်မှစတင်ကာ မြန်မာနိုင်ငံရိုအခြားသော နေရာများနည်းတူ ချင်းပြည်နယ်အတွင်းမှအခြေအနေသည်ယခင်ကနှင့်မတူညီတော့ပေ။ အာဏာသိမ်းမှုပေါ် ပေါက်လာ ချိန်တွင် စစ်တပ်သည်သူ၏ စစ်မှန်သော အရောင်ကိုပြသခဲ့ပြီး၊ မြို့ကြီးပြကြီးများ၏လမ်းမပေါ်တွင် ဆန္ဒပြသူပြည်သူလူထုရာပေါင်းများကို သတ်ဖြတ်ခြင်း၊ နှင့် လူထောင်ပေါင်းများစွာတို့ကို ဖမ်းဆီးခြင်းတို့ကိုလုပ်ဆောင်ခဲ့ပြီး၊ တစ်ချိန်



ပုန်းခိုရာတစ်နေရာမှ နေရာရွှေ့ ပြောင်းချင်းကလေးသူငယ်များ။ ဂျွန်၆၊ ၂၀၂၁ခုနှစ်။



မြန်မာစစ်တပ်တိုက်ခိုက်သော ထန်တလန်မြို့၊ အောက်တိုဘာ ၂၉၊ ၂၀၂၁နှစ်။ (ပြင်ပအရင်းအမြစ်မှ ရယူသည့်ခါတ်ပုံ)။



ဟားခါးကျေးရွာ၊ မြန်မာစစ်တပ်တိုက်ခိုက်မှုတစ်ခုကြောင့် အသတ်ခံခဲ့ရသည့် ရွာသားသုံးဦး၏ ဈာပနာတစ်ခု။ (ပြင်ပအရင်းအမြစ်မှ ရယူသည့်ခါတ်ပုံ)။



ချင်း IDP ကလေးများ သူတို့နေထိုင်ရာနေရာအရှေ့တွင်တွေ့ရစဉ်။



မြန်မာစစ်တပ်ဖျက်ဆီးခဲ့သည့်ချင်းအိမ်တစ်အိမ်။

တည်းတွင် နယ်စပ်ဒေသတစ်လျှောက် လူမျိုးစုငယ်အနွယ်ဝင်များ အပေါ် တွင်တိုက်ခိုက်မှုများကို အရှိန်မြှင့်တင်ခဲ့ပါသည်။ ပြည်ပ ရောက်အရပ်သားအစိုးရသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကိုဖွဲ့စည်းခဲ့ပြီး၊ ချင်းလူမျိုးများစွာကိုကိုယ်စားပြုသည့် လူမျိုးစုငယ်လက်နက်ကိုင်အဖွဲ့အစည်း(EAO) တစ်ခုဖြစ်သည့် ချင်းအမျိုးသားတပ်ဦးသည် NUG ကိုထောက်ခံသည်ဟုပထမဆုံး ကြေငြာသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ဤအချက်ကိုစစ်တပ်က အာရုံပြုသတိထားမိပြီး၊ ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင်း အပြင်းထန်ဆုံးစစ်မြေပြင်တစ်ခု ဖြစ်လာခဲ့ပါတော့သည်။

ဩဂုတ်လတစ်ခုထဲအတွင်းမှစတင်ကာ စစ်တပ်သည် ချင်းနယ်မြေအတွင်း အိမ်ပေါင်း(၃၅၀)ကျော်နှင့် ဘာသာရေးအဆောက်အအုံများကို မီးရှို့ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ချင်းလူ့အခွင့်အရေးအဖွဲ့အစည်းများအရ ချင်းပြည်နယ်လူဦးရေ (၂၀%) သည် နေရာရွှေ့ပြောင်း နေထိုင်ခဲ့ရပါသည်။ စစ်တပ်များသည် ထန်တလန်မြို့အနီးတွင်စုပြုံရောက်ရှိလာခဲ့ပြီး၊ ဘုရားကျောင်း နှစ်လုံး နှင့် ဘုံကျောင်းတစ်ခုအပါအဝင် အိမ်ပေါင်း (၁၇၀) ကျော်ကိုမီးရှို့ခဲ့ပါသည်။ မှတ်တမ်း ဖော်ပြချက်များအရ လူပေါင်း (၁၀၀၀၀) အနက်အတော်များများသည် မြို့တွင်းမှ ထွက်ပြေးခဲ့ကြရပါသည်။

တိုက်ခိုက်မှုနှင့်ဖျက်ဆီးမှုများအပြင် စစ်တပ်သည်ချင်းပြည်နယ်နေရာ အချို့တို့တွင်အင်တာနက်များကို ဖြတ်တောက်ခဲ့ပြီး၊ အချက်အလက်များကိုမျှဝေရန်နှင့် သတင်းများကိုအပြင်သို့ပြောကြားရန်ပိတ်ဆို့ခဲ့လာစေခဲ့ပါသည်။ ဒေသခံများက သတင်းများကို ဖုန်းခေါ်ဆိုမှုများဖြင့်ပေးအပ်ကြပါသည်။

အောက်ပါတို့သည် ချင်းပြည်နယ်တွင်း ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးထံမှ ရရှိသော မှတ်တမ်းအကြမ်းတစ်စောင် ဖြစ်ပြီး အောက်တိုဘာလအတွင်း သူအထူးသဖြင့် သတိပြုမိခဲ့သော လှုပ်ရှားမှုတို့ကိုဖော်ပြထားခြင်းဖြစ်ပါသည်။ -

(၂၀၂၁)ခုနှစ် အောက်တိုဘာလ (၄)ရက် - ညနေပိုင်းတွင် ယာဉ်ရှစ်စင်းပါသော မြန်မာစစ်ယာဉ်တန်း တစ်ခုသည် ကလေးမြို့အတွင်းဝင်ရောက်ခဲ့သည်။ သူတို့သည်လမ်းတစ်လျှောက်တွင်လည်း တိုက်ခိုက်လာခဲ့ကြပါသည်။ မြန်မာစစ်တပ်သည် လက်နက်ကြီးများ



ချင်းပြည်နယ်ဟားခါးမြို့မှ လူငယ်များ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)ကို ထောက်ခံကြောင်းထုတ်ဖော်နေစဉ်။



အစားအစာဝေပေးခြင်းမပြုမီ တွေ့ရသော ချင်းပြည်နယ်မှ IDPs များ။

ကို ကလေးမြို့နယ်၊ ချောင်းခွရွာအနီးတွင်ပစ်ခတ်ခဲ့သဖြင့် ရွာသားများထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ကလေးမြို့မှ (၂၇)မိုင်အကွာတွင် ဝေဘူလဟူခေါ်သောရွာတရွာရှိပြီး၊ ထိုရွာသားများသည်ထိုတိုက်ခိုက်မှုကြောင့် တောတွင်းသို့တိမ်းရှောင်ထွက်ပြေးခဲ့ကြရလေသည်။

ဖလမ်းမြို့နယ်အတွင်းအင်တာနက်အားလုံးဖြတ်တောက်ခံခဲ့ရသည်။ သတင်းစကားများကို ဖုန်းခေါ်ဆိုမှုများမှတဆင့်ရရှိခဲ့လေသည်။

(၂၀၂၁)ခုနှစ် အောက်တိုဘာလ (၅)ရက် - ချောင်းခွရွာ၊ ကလေးမြို့တွင် မြန်မာစစ်တပ်သည် ဦးငွန်ဇာမွမ်း ၏ ဆန်စက်နှင့်အခြားဆိုင်များအတွင်းဗုံးရောက်ကာ လုယက်ခဲ့ပါသည်။ သူတို့သည် ဒီဆယ်ဆီ ၅၀ ဂါလန်၊ ငွေကျပ်တစ်သန်း (ကန်ဒေါ်လာ ၅၆၀၀ခန့်) နှင့် ပတ်ဝန်းကျင်တွင်ရှိနေသော အခြားကုန်ပစ္စည်းများနှင့် အဝတ်အထည်များကိုယူဆောင်သွားကြပါသည်။

(၂၀၂၁)ခုနှစ်၊ အောက်တိုဘာလ (၇)ရက် - ကလေးပြည်သူ့ကာကွယ်ရေးတပ် (ဒေသခံ PDF) သည်မြန်မာစစ်တပ်အား GTI ကောလိပ်အနီးပစ်ခတ်ခဲ့ပြီး၊ သာယာကုန်းရွာအနီး တွင် IEDs ဖြင့်ထပ်မံပစ်ခတ်ခဲ့ပါသည်။ ပေါက်ကွဲမှုနောက်တွင် မြန်မာစစ်တပ်သည် သာယာကုန်းရွာမှလူသုံးဦးကိုဖမ်းဆီးခဲ့ပြီး၊ ဦးဇာလီထန်းဇာညှဲ့ ပိုင်ဆိုင်သောဆိုင်ကယ်ပြင်ဆိုင်ကိုမီးရှို့ဖျက်ဆီးခဲ့ပါသည်။

(၂၀၂၁)ခုနှစ်၊ အောက်တိုဘာလ (၈)ရက် - ကလေးဒေသတွင် တိုက်ခိုက်မှုများနေ့စဉ် ဆက်လက်ဖြစ်ပေါ် နေခဲ့ပါသည်။ မှတ်တမ်းဖော်ပြချက်များအရ မြန်မာစစ်တပ်သည် ကလေးမြို့သို့ ယာဉ်ပေါင်း (၄၀) ဖြင့် ရောက်ရှိလာခဲ့ပါသည်။

(၂၀၂၁)ခုနှစ်၊ အောက်တိုဘာလ (၉)ရက် - မြန်မာစစ်တပ်ယာဉ်တန်းသည် ကလေးမြို့သို့ ၀င်ရောက်လာသဖြင့် နံနက်အချိန်တွင် တိုက်ခိုက်မှုစတင်ဖြစ်ပွားခဲ့ပါသည်။

(၂၀၂၁)ခုနှစ်၊ အောက်တိုဘာလ (၁၁)ရက် - ယနေ့ ကလေးမြို့မှစစ်ယာဉ်တန်းသည် လှမ်းဘန်ကျေးရွာတွင် စတည်းချအိပ်စက်ကြပြီး၊ ရွာသားများမွေးမြူထားသောဝက်များကိုခိုးယူ စားသောက်ကြပါသည်။ သူတို့ထံတွင် ယာဉ်အစီး(၅၀)နှင့် တင့်ကား နှစ်စီးပါရှိပါသည်။ ရွာသားများသည် တောတွင်းသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြပါသည်။

ဇော်လိန်းကျေးရွာမှလူငယ်တစ်ဦးသည် မြန်မာစစ်တပ်ယာဉ်များ



ချင်းပြည်နယ်တွင်း ဆန်ဝေငှပေးခြင်း။

လမ်းတစ်လျှောက်ပစ်ခတ်ခဲ့သော လက်နက်ခဲယမ်းများကြောင့် ဒူးတွင် ထိမှန်ခဲ့ပါသည်။ အောက်တိုဘာ၁၀ရက်နေ့ညတွင် ကလေးမြို့မှစစ်တပ်ကောင်စီယာဉ်၃၀ခန့်ရှိသည်ယာဉ်တန်းသည်သိမ်ကျင်ရွာအနီးတွင် ရပ်နားပြီး၊ ကလေးမြို့-ဖလမ်း လမ်းမပေါ်ရှိဇော်ကုန်းကျေးရွာအနီးမှ မြန်မာစစ်တပ်တပ်ဖွဲ့နှင့်ပူးပေါင်းခဲ့ပါသည်။ ဤယာဉ်များသည်လက်နက်ကြီးများကို လမ်းတစ်လျှောက်တွင်ပစ်ခတ်ခဲ့ကြပါသည်။

(၂၀၂၁)ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက်နေ့ညနေတွင် ချင်းလူငယ်နှစ်ဦးကို နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ (SAC- စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်မှ မိမိကိုယ်ကို ပြန်လည်ခေါ်ဆိုသောအမည်)မှ သတ်ဖြတ်ခဲ့ပါသည်။ ဦးထောင်ဖန်မန်(၄) (၂၉)နှစ်နှင့် ဆလိုင်းထောင်း နယူးမွိုင်း (၃၄)နှစ်တို့သည် ဖလမ်းဒေသထူဖမ်းကျေးရွာမှဖြစ်ပါသည်။

မြန်မာစစ်ယာဉ်များသည် ကလေးမြို့မှထွက်ခွာလာစဉ်ထိုလူငယ်နှစ်ဦးကိုလမ်းတွင်တွေ့ခဲ့ ခြင်းဖြစ်သည်။ မြန်မာစစ်တပ်သည် ဦးထောင်ဖန်မန်(၄)၏ ဦးခေါင်းကိုပစ်ခတ်ခဲ့ပြီး၊ ဆလိုင်းထောင်းနယူးမွိုင်းကို



CDM ကိုထောက်ခံသော ရဲနှင့် သူနာပြုများသည် ဘုရားကျောင်းခန်းမတွင်းတွင် နေထိုင်ရန် ဖြစ်လာသည်။

ဂမ်းပိုက်တွင် လေးကြိမ်ပစ်ခတ်ခဲ့ပါသည်။

ဖလမ်းဒေသတွင် ဘုရားကျောင်းတစ်လုံး၊ ကုန်သိုလှောင်ရုံတစ်ခုနှင့် အိမ်ရှစ်လုံးကို SAC စစ်သားများ က (၁၄)ရက်နှင့် (၁၅)ရက်နေ့တို့တွင်မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။ ရီလသီးတွင် အိမ်သုံးလုံးသာ ကျွင်းကျန်ခဲ့ပြီး၊ ကျန်အိမ်များအားလုံးမီးကျွမ်းလောင်ခဲ့ပါသည်။

(၂၀၂၁)ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်၊ နေ့လယ်(၂း၃၀) တွင် မြန်မာစစ်တပ်သည် ထန်တလန်မြို့နေရာ အတော်များများကို မီးရှို့ခဲ့သည်။

ဆုတောင်းချက်-

အကြမ်းဖက်မှုကြောင့်နေရာရွှေ့ပြောင်းခဲ့ရသည့်သူများအကျိုးအတွက်နှင့် သန့်ရှင်းသောရေ၊ လုံလောက်သော အာဟာရနှင့် သင့်တင့်လျောက်ပတ်သောဆေးဝါးစောင့်ရှောက်မှုတို့ နည်းပါးသော နေရာများတွင် နားခိုရာရှာဖွေနေသောသူများအတွက်ဆုတောင်းပေးပါ။

မြန်မာစစ်တပ်မှကျူးလွန်ခဲ့သောအကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့ရသည့်လူတို့၏မိသားစုများ အတွက်ဆုတောင်းပေးပါ။

ကျွန်ုပ်တို့စဉ်းစားနိုင်လောက်သည်ထက်ပိုသော စိတ်ဒဏ်ရာကို မျက်မြင်ကိုယ်တွေ့တွေ့ကြုံခံစားရသော ကလေးသူငယ်များအတွက်ဆုတောင်းပေးပါ။


ဇော်လဆိုင်း IDP စခန်းတွင် GLC အစီအစဉ်တစ်ခုအတွင်း ခန္ဓာဗေဒအကြောင်း သင်ကြားပေးနေစဉ်။

မြန်မာနိုင်ငံ

မြောက်ပိုင်း

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း

စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းကချင်ပြည်ထောင်ပိုင်းနှင့် ရှမ်းမြောက်ပိုင်းတို့တွင် တိုက်ပွဲများ အရှိန် မြှင့်တက်လာခဲ့သည်။

မြန်မာစစ်တပ်နှင့် လူမျိုးစုငယ်လက်နက်ကိုင်အဖွဲ့အစည်း (EAOs) များအကြား တိုက်ခိုက်မှုများသည် စစ်တပ်အာဏာသိမ်းစဉ်မှစတင်ကာ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် အဆအဆင့်မတန်ကြီးထွား လာခဲ့ပါသည်။ လူမျိုးစုငယ် လက်နက်ကိုင်အဖွဲ့အစည်း (EAOs) နှင့် မြန်မာစစ်တပ်တို့ကြား တိုက်ခိုက်မှုများအပြင် ပြည်သူ့ကာကွယ်ရေးတပ်စုများ၏ တည်ရှိလာမှုနှင့် မြန်မာစစ်တပ်မှ EAOs များကို စောင့်ကြည့် ထောက်လှမ်းရန်နှင့် ဦးတည်ချက်ထားသည့် ဒရုန်းများနှင့် ပုံသေတောင်ပံလေယာဉ်များကို အသုံးပြုမှုမြင့်တက်လာခြင်းတို့ရှိပါသည်။ ဤသို့များပြားလာမှုများကြောင့် ယခင်ကမရှိခဲ့ဖူးသော အရှိန်ပြင်းထန်မှုတစ်ခုကိုယူဆောင်လာခဲ့ပါသည်။

မြန်မာစစ်တပ်ရှေ့တန်းအခြေစိုက်စခန်းများသည် ပိုပြီးမကြာခဏ ဆိုသလိုပင် အမြောက်များအပြင် ပေါ့ပါးသော၊ ပြင်းထန်သော မော်တာများကို EAOs နှင့် သူတို့စစ်ဆင်နေသောရွာများထံသို့ပစ်ခတ်ရန် အသုံးပြုလာကြသဖြင့် မော်တာခဲယမ်းများသည် ပြည်သူလူထုများအကြား ဗရမ်းဗတာကျရောက်သဖြင့် အရပ်သားသေဆုံးမှုမြောက်များစွာကို ဖြစ်ပေါ် စေခဲ့ပါသည်။ ပြန်လည်တုံ့ပြန်သည့်အနေဖြင့် IEDs ၊ ရှေ့ထွက်မိုင်း နှင့် မြေမြှုပ်မိုင်းတို့ကိုမြန်မာစစ်တပ်တို့ ကင်းလှည့်စဉ်နှင့် ထောက်ပံ့ပို့ဆောင်ရေး ယာဉ်တန်းများ အပေါ် တိုက်ခိုက်အသုံးပြုမှုများပိုမိုတိုးမြှင့်လာပါသည်။ မြန်မာစစ်တပ် အုပ်စုများ နှင့်ကင်းလှည့်ယာဉ်များကို IEDs ဖြင့်ပစ်ခတ်ချိန်တွင် သူတို့သည် အနီးအနားရွာများသို့ မကြာခဏ ဆိုသလိုပင်သိမ်းကျုံးပစ်ခတ်မှုများကိုပြုလုပ်ကြပါသည်။

အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)၊ ကြက်ခြေနီ နှင့် အခြားအရပ်ဘက်အသိုင်းအဝိုင်း အဖွဲ့အစည်းပင်များသည်လည်း မြန်မာစစ်တပ်၏ ဖမ်းဆီးချုပ်နှောင်မှုပုံစံအရ ပစ်မှတ်ထားခံရခြင်းနှင့် အနှောင့်အယှက် ဒုက္ခပေးခံရခြင်းတို့မှလည်း မလွတ်ကင်းကြပေ။ (၂၀၂၁ခုနှစ်အစောပိုင်းမှ စတင်ကာ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်ရှိမြို့များအတွင်းတွင် CDM ဆန္ဒပြမှုများ ဖြစ်ပေါ် ခဲ့ပါသည်။ သို့ရာတွင် လူအများအပြားတို့သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ကြမ်းကြုတ်လှသော နှိမ်နင်းမှုများကို ရင်ဆိုင်ခဲ့ရပါသည်။

အရပ်သားတို့ကိုပစ်မှတ်ထားခြင်း

CDM လုပ်ဆောင်မှုမြှင့်တက်လာခြင်း၊ PDF နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လှုပ်ရှားမှုများကြောင့် မြန်မာစစ်တပ်သည် အရပ်သားများကိုပိုပြီး ပစ်မှတ်ထားခြင်း၊ ထိန်းသိမ်းခြင်း၊ ရိုက်နှက်ခြင်း သို့မဟုတ် သတ်ပစ်ခြင်းတို့ကို ဒေသနှင့်အပှမ်းတွင်ပြုလုပ်ခဲ့ပါသည်။ ယင်းသည် ဒေသတွင်းရှိရွာသားများနှင့်လယ်သမားများအတွက် အစဉ်တစိုက်အမှန်တရားတစ်ခုအဖြစ် တည်ရှိနေခဲ့သော ကြီးမားသည့်လူအခွင့်အရေးချိုးဖောက်မှုများကို ပိုမိုအရှိန်အဟုန်မြှင့်မားလာစေခဲ့ပါသည်။

IDP လှုပ်ရှားမှုများ

ကချင်ပြည်နယ်တစ်ဝှမ်းတွင် အသစ်တိုးပွားလာသော တိုက်ခိုက်မှုပြင်းထန်မှုတို့ကြောင့် အာဏာသိမ်းစဉ်မှ စတင်ကာ IDPs အသစ်ဦးရေများပြားလာခဲ့ပါသည်။ IDP စခန်းများတွင်စုပုံရောက်ရှိလာခြင်းကြောင့် IDPs များအတွက် အစားအစာ၊ မြေပြီမှု၊ ဆေးဝါးစောင့်ရှောက်မှုကင်းမဲ့မှုနှင့် အထူးသဖြင့် ကိုဗစ်-၁၉ရောဂါများကို အစရှိသော ပိုမိုဆိုးရွားသည့် အခြေအနေများကို ဖြစ်ပေါ် လာစေခဲ့ပါသည်။ IDPs စခန်းအခြေအနေများသည်အလွန်ဆိုးရွားနေခြင်းကြောင့် မိမိတို့၏ပျက်စီးနေသောနေအိမ်များသို့ပြန်သွားသော IDP ဖြစ်ရပ်အချို့ရှိကြောင်းလည်းသိရပါသည်။

ကိုဗစ်-၁၉ တုံ့ပြန်ချက်များ

ထိရောက်သောကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အချို့ရှိသော်



ကချင်ရိန်းဂျာဆေးအမှုထမ်းမှကလေးတစ်ဦးကိုဆေးကုသစစ်ဆေးနေစဉ်။



ကချင်ပြည်နယ်တွင်းအစားအစာများပေးနေစဉ်။

လည်း ကချင်ပြည်နယ်မြို့ပြဒေရိယာများ အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရှိန်အဟုန်ဖြင့်ပျံ့နှံ့ခဲ့ပါသည်။ အချို့ကချင်အဖွဲ့အစည်းများက ကာကွယ်ဆေးကြီးကြပ်လုပ်ဆောင်မှုများရှိသော်လည်း ကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေသည့် အတွက်စိတ်ပျက်မှုများကိုဖော်ပြကြပါသည်။ ကူးစက်မှုနှုန်းနှင့်သေဆုံးမှုနှုန်းဆိုင်သော ကိန်းဂဏန်းများ (၂၀၂၁ ခုနှစ်ဟူသောကာလတစ်ခုအတွင်း ကူးစက်မှုထောင်ကျော်ရှိခဲ့ပြီး သေဆုံးမှုရာပေါင်းအနည်းရှိသည်ဟု ထုတ်ဖော်ကြေငြာခဲ့သည်။) ကွာခြားမှုရှိပါသည်။ သို့ရာတွင် မြို့ပြစင်တာများသည် ကူးစက်မှုအရေအတွက်ကြောင့်ထိခိုက်ခံစားခဲ့ရသည်မှာအမှန်စင်စစ်ပင်ဖြစ်ပါသည်။ အနည်းဆုံးတစ်ကြိမ်တွင် မြန်မာစစ်တပ် ခြေလျင်တပ်ဖွဲ့သည် ကိုဗစ်-၁၉ ကို အကြောင်းပြချက်တစ်ခု အနေဖြင့် ပြကာ မြစ်ကြီးနားရှိ IDP စခန်းတစ်ခုကိုဖွန့်လ် (၂၀၂၁)တွင်ဝင်ရောက်ရှင်းဖွေခဲ့ပါသည်။ မြို့ပြစင်တာများ၊ IDP စခန်းများ နှင့် ရွာများသည်အပြင်မထွက်ရလုပ်ထုံးများကြောင့် အားလုံး ထိခိုက်ခဲ့ကြရသည်။

အင်တာနက် ဖြတ်တောက်ပစ်ခြင်း

အောက်တိုဘာလ၊ (၂၀၂၁)ခုနှစ်တွင် မြန်မာ စစ်အစိုးရသည် ကချင်ပြည်နယ်တစ်ဝှမ်းရှိမိုဘိုင်း အင်တာနက် ဝန်ဆောင်မှုအချို့တို့ကို ဖြတ်တောက်ပစ်ခဲ့ပါသည်။ ဒေသခံများသည် ယင်းသည် မကြာမီတွင် ဖြစ်ပေါ်တော့မည့် တပ်ဖွဲ့၏လှုပ်ရှားမှုများ နှင့် ထိုးစစ်များနှင့်အချိန်ကိုက်တမင်တကာ လုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် အချက်အလက်စီးဆင်းမှုကို ဖြတ်တောက်လိုက်ရန်ဖြစ်သည်ဟု ယုံကြည်ကြပါသည်။ အင်တာနက်ဖြတ်တောက်ခြင်း၏နောက်ဆက်တွဲအနေဖြင့် အွန်လိုင်းဆက်သွယ်မှုများအပေါ် တွင်မူတည်နေရသော အွန်လိုင်းဖြင့်ကျောင်းတက်ခြင်းနှင့် ငွေကြေးပို့ဆောင်နိုင်မှု မရှိတော့ခြင်းအစရှိသော အသိုင်းအဝိုင်း၏ ကဏ္ဍအတော်များများကို ထိရောက်မှုရှိစွာပိတ်ပစ်လိုက်နိုင်ခဲ့ပါသည်။

ဘွမ်ရာယာန် IDP စခန်းသို့ စေလွှတ်ခဲ့သော ကယ်ဆယ်ရေးအဖွဲ့မစ်ရှင်

"(၂၀၂၁)ခုနှစ်၊ နွေရာသီတွင် ကချင်ကယ်ဆယ်ရေးအဖွဲ့သည် ကချင်အမျိုးသားနှင့်အမျိုးသမီး (၃၈) ဦးပါဝင်သော အခြေခံကာကွယ်ရေးအဖွဲ့သင်တန်းတစ်ခုကိုပေးအပ်ခဲ့ပါသည်။ သင်တန်းဆင်းပြီးများမကြာမီ၊ ဂျွန်လတွင် စုစည်းထားသောကယ်ဆယ်ရေးအဖွဲ့များသည် ဘွမ်ရာယာန် IDP စခန်း သို့ ဆက်လက်သွားရောက်ကာ အစားအစာ၊ မိုးကာပစ္စည်းများ၊ အိမ်သာနှင့် အခြားသောအလွန် လိုအပ်သည့် အထောက်အပံ့များစွာကိုပေးအပ်ခဲ့ပါသည်။" အခြေအနေအစီရင်ခံစာ



FBR ဆေးခန်းမှ ကချင် IDP များအတွက် အကူအညီများပေးအပ်နေစဉ်။

ထုတ်ပြန်ချက်၏အကျဉ်းချုပ်ဖော်ပြချက်အရ-

မြန်မာစစ်တပ်မှ ဂျက်လေယာဉ်ဖြင့်ပုံးကြဲပြီး၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီးနောက် (၂၀၁၈)ခုနှစ်၊ ဇူလိုကစ၍ထိုနေရာမှရွာသားများသည် သူတို့နေအိမ်မှ ပထမဆုံးထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ သူတို့ကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) စစ်သားများက ဘွမ်ရာယာန် IDP စခန်းသို့ စောင့်ရှောက်ခေါ်ဆောင်သွားခဲ့ပါတယ်။ ထိုစဉ်ကစခန်းတွင် မိသားစုခုနှစ်စုသာရှိပါသေးသည်။ (၂၀၁၉)ခုနှစ်၊ ဇန်နဝါရီလတွင် အခြေအနေများတည်ငြိမ်သွားသဖြင့် သူတို့ကျေးရွာတွေကိုပြန်သွားကြလျှင် သူတို့၏အိမ်များဖျက်ဆီးခံရပြီး၊ သူတို့ မွေးမြူထားသော ကျွဲနွားများအား မြန်မာစစ်တပ်က သတ်ဖြတ်ခဲ့ကြသည်ကို တွေ့ခဲ့ရပါသည်။

တစ်နှစ်အကြာပြန်လည်တည်ဆောက်ခြင်းနဲ့ စိုက်ပျိုးခြင်းတို့ပြီးသည့်နောက်တွင် အနီးအနားတွင် KIA နှင့် မြန်မာစစ်တပ်ကြားတိုက်ခိုက်မှုပြန်လည်ပေါ် ပေါက်ခဲ့ပါသည်။ ရွာသားများသည် ယခုသူတို့လက်ရှိ နေထိုင်နေသည့် ဘွမ်ရာယာန်သို့ တဖန်ထပ်မံထွက်ပြေးတိမ်းရှောင်ခဲ့ရပြန်ပါသည်။ ကချင်ပြည်နယ်၏ အဝေးလံခေါင်ဖျားဆုံးတောင်ပေါ် ဒေသတွင်ပိတ်မိနေပြီး၊ ဤနေရာသည် မိသားစု ပေါင်း၁၄၀ကျော်၏ နေအိမ်ဖြစ်လာကာ ဒေသခံနဲ့ နိုင်ငံခြား NGOs အဝေးလေးများအားဖြင့် ရရှိသည့် အကူအညီမှလွဲလို့ တခြားအကူအညီများမရရှိကြပေ။ ကချင်ရိန်းဂျား အဖွဲ့သေးလေးတစ်ဖွဲ့က ဤအခြေအနေကို မှတ်တမ်းတင်ပြခဲ့ကြပြီး၊ သူတို့တတ်နိုင်သည့်အတိုင်းအကူအညီတို့ကို ပေးအပ်ခဲ့ကြပါသည်။"

ဘွမ်ရာယာန် IDP စခန်းအပြင် တရုတ်နယ်စပ်နှင့် နီးစပ်သည့် အစွန်အဖျားဒေသတစ်ခုရှိအခြား IDP စခန်းတစ်ခုဖြစ်သည့် BP8 သို့ သွားခဲ့သည့်ကယ်ဆယ်ရေးမစ်ရှင်တစ်ခုလည်းရှိပါသေးသည်။ မစ်ရှင်မှတ်တမ်းမှ ပြန်လည်ထုတ်နှုတ်ချက်တစ်ခုမှာ -

"လက်ရှိတွင် BP8 ၌မိသားစုပေါင်း (၉၂)စု ရှိနေပြီး၊ သူတို့ထဲမှ တစ်ဂက်ခန့်သည် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သူများဖြစ်ကာ၊ ကျန်တစ်ဂက်မှာ အသစ်ရောက်ရှိလာသူများဖြစ်ပါသည်။ ကိုဗစ်-(၁၉) ရောဂါ ဖြစ်ပွားမှုကြောင့် လမ်းနှင့်နယ်စပ်ပိတ်ဆို့ထားသဖြင့် ယခင်က BP8လိုနေရာမျိုးအား အကူအညီ ပေးခဲ့သည့်အဖွဲ့အစည်းများစွာတို့၏ လာရောက်မှုကိုရပ်တန့်စေခဲ့သည့် အတွက် စခန်းထဲရှိအခြေအနေများ ပိုမိုခက်ခဲလာပါသည်။

လူတို့သည်ထိုနေရာတွင် သုံးရက်လာရောက်နေထိုင်ပြီး၊ အစားအစာအထုပ်အပိုးများပေးခြင်း၊ ဆေးကုသစောင့်ရှောက်မှုများပေးအပ်ခြင်း၊ ကလေးသူငယ်အစီအစဉ်များလုပ်ဆောင်ခြင်းနဲ့ လူတို့ကို ခွန်အားပေးခြင်းတို့ကိုလာရောက်လုပ်ဆောင်ခဲ့သည့် ကယ်ဆယ်ရေးအဖွဲ့ကိုမြင်သည့်အခါတွင်လွန်စွာ ပျော်ရွှင်ကြပါသည်။ ယခင်နှစ်မစ်ရှင်များအတွင်း အဖွဲ့ကိုမှတ်မိနေတဲ့ သင်းအုပ်ဆရာတစ်ပါးနှင့် တွေ့ဆုံခဲ့ပါတယ်။ သူသည် စခန်းအပြင်ဘက်ကိုရွှေ့ပြောင်းသွားခဲ့ပြီဖြစ်သော်လည်း ပြန်လည် လာရောက်ကြည့်ရှုနေစဉ်ဖြစ်ပါတယ်။ မြန်မာစစ်တပ်မှ ပိုမိုတိုက်ခိုက်မှုများကိုလုပ်ဆောင်လာသည်ရှိသော် စခန်းတွင်းသို့ပြန်လည်ဂင်ရောက်နေထိုင်ရန်အတွက် ပြင်ဆင်လိုသည့်အတွက်ဖြစ်ပါသည်။"

ဆုတောင်းချက်

မိမိနှင့်မိမိမိသားစုတို့ကိုဘေးကင်းလုံခြုံရာသို့ ဘေးကင်းစိတ်ချစွာရွှေ့ပြောင်းရုံသက်သက်ပြုလိုကြသော သူများ အတွက် ဆုတောင်းပေးပါ။

မြန်မာနိုင်ငံရှိ ထောင်ပေါင်းများစွာသောနေရာရွှေ့ပြောင်းနေထိုင်ရသူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကိုဘုရားသခင်မှဆက်လက် ကူညီပံ့ပိုးပေးပါမည့် အကြောင်းဆုတောင်းပေးပါ။

FBR ကဲ့သို့သော NGOs အနေဖြင့် အကူအညီ၊ မျော်လင့်ခြင်းနှင့် ချစ်ခြင်းမေတ္တာများအများဆုံးလိုအပ်နေသူများထံသို့ဆက်လက် ပေးအပ်နိုင်ပါမည့်အကြောင်း ဆုတောင်းပေးပါ။



ကချင်ရိန်းဂျားများအစားအစာပေးဝေနေစဉ်။



ဆေးဝါးများဖေဂုပေးစဉ်နှင့်ကချင်ပြည်နယ်တွင်းမှ ဆေးခန်း။


ရှမ်းဆေးမှုထမ်းမှ ကျန်းမာရေးစောင့်ရှောက်မှုကိုလုပ်ဆောင်နေစဉ်။


ဆရာဝန်တစ်ဦး ရှမ်း IDp တစ်ဦးကိုကုသပေးနေစဉ်။



မြန်မာနိုင်ငံမှ အသံ

ကရင်ပြည်နယ်

သေဆုံးသွားမည်မဟုတ်သည့်အိမ်မက်တစ်ခု

"အသက်(၁၆)နှစ်အရွယ်နော်နီးလာဦးက ကျွန်မသူနာပြုဆရာမ တစ်ယောက်ဖြစ်ချင်တယ်။ အဲဒါကျွန်မ အတွက် ကျွန်မအမေရဲ့အိမ်မက်ပါ" ဟု ဆိုပါသည်။ သို့ရာတွင်ယခုသူမ၏အိမ်မက်ပျက်စီးသွားခဲ့လေပြီ။ သူမမိခင်ကို (၂၀၂၁)ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့မှာ မြန်မာစစ်တပ်က ကျွန်မတို့ရွာဖြစ်တဲ့ ဖိုးလထာမှာ သတ်ခဲ့တယ်။ "အခုကျွန်မအမေ၊ သူမအိမ်မက်နဲ့ကျွန်မ အိမ်မက်အားလုံးပျက်စီးသွားပြီ။" သူမမျက်နှာပေါ်တွင်မျက်ရည်များစီးကျလာသည်။ "ကျွန်မအမေ့ကို သိပ်သတိရတာပဲ။ ကျွန်မတို့ အားလုံး အမေ့ကို သတိရတယ်။"

(၂၀၂၁)ခုနှစ်၊ ဇန်နဝါရီလ ဖြစ်ပြီး၊ နော်နီးလာဦးသည် သူမ၏ဖခင်နှင့် မောင်အငယ်နှစ်ဦးတို့နှင့်အတူ သက်တာကောင်းအဖွဲ့ (GLC) နှင့် တောတွင်းမှ ဆေးကုသရေးအစီအစဉ်သို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ မြန်မာစစ်တပ်သည် ဤနှစ်အတွင်း တိုက်ခိုက်မှုများ တိုးမြှင့်ခဲ့ပြီး၊ နေရာရွှေ့ပြောင်း နေထိုင်ရသူအသစ်များသည် ကျွန်ုပ်တို့နှင့်အတူ အကူအညီ၊ မျှော်လင့်ခြင်းနှင့်ချစ်ခြင်း မေတ္တာများရယူရန် ရှိနေပါသည်။

GLC အစီအစဉ်အပြီးတွင် နော်နီးလာဦး၊ သူမဖခင်နှင့် အသက် (၉)နှစ် နှင့် (၁၂)နှစ်အရွယ် မောင်နှစ်ဦး တို့သည် ကျွန်ုပ်တို့နှင့်လာရောက်စကားပြောပါသည်။ သူမဖခင်က သူ၏ဇနီးသည်မရှိသည့်နောက်တွင် မည်မျှခက်ခဲခဲ့ကြောင်းနှင့် သူ၏သမီးသည်လည်း ကျောင်းထွက်ကာသူမ၏မောင်များကို စောင့်ရှောက် ပေးနေစဉ် မိမိမှာမိသားစုအတွက် အစားအစာကြိုးစားရှာဖွေရပုံ တို့ကိုပြောပြသည်။

အရွယ်နှင့်မလိုက်သည့်ပုံနယ် နော်နီးလာဦးက "ကျွန်မအမေကကျွန်မကို သူနာပြုဖြစ်စေချင်ခဲ့တာ၊ အဲဒါကကျွန်မအတွက်သူမရဲ့ အိမ်မက်ပါ။ ဘာဖြစ်လို့ စစ်သားတွေကသူမကိုသတ်ခဲ့တာလဲ။ သူမ ခွန်ကိုယ်မှာ သေနတ်ဒဏ်ရာ နှစ်ချက်- ခေါင်းနောက်ဘက်တစ်ချက်နဲ့ သူမနောက်ကျောဘက် တစ်ချက် တွေ့ခဲ့ရပါတယ်။ မြန်မာစစ်တပ်ဟာသူမကိုသတ်ဖြတ်ခဲ့ပါတယ်။ ကျွန်မ ဘာလုပ်ရမလဲ။ ကျွန်မမိခင်ရဲ့ အိမ်မက်ကကျွန်မသူနာပြုဖြစ်လာစေဖို့ပါ။ အဲဒါက ကျွန်မဖြစ်ချင်တဲ့အရာပါ ဒါပေမဲ့ အခုတော့ဒါဟာမဖြစ်နိုင်တော့ပါဘူး။ ကျွန်မ မိသားစုအသက်ရှင်ဖို့အတွက် ကျွန်မမောင်တွေကို ကြည့်ရှုရဦးမယ်။ ကျွန်မ အဖေနဲ့မောင်တွေကိုကူညီဖို့အတွက်ကျွန်မအကောင်းဆုံးလုပ်မယ်ပြီးတော့ ကျွန်မအမေကိုလည်းဘယ်တော့မှမေ့သွားမှာမဟုတ်ပါဘူး။"

ကျွန်ုပ်တို့နှားထောင်ပေးကာ ဆုတောင်းပြီး၊ သူမ၊ သူမအဖေနဲ့ သူမမောင်တို့နှင့်စကားပြောပြီးသည့် နောက်တွင် သူတို့ကို ကူညီရန်ကတိပေးခဲ့ကြတယ်။ သူမအဖေက ကျေးဇူးပြုပြီး "ကျွန်တော့်သမီးကို ခေါ်ထားပေးပါ။ ခင်ဗျားတို့ဆီထားပြီးတော့သူမအခွင့်အရေးတစ်ခုပေးစေလိုပါတယ်။ သူမမှာ အိမ်မက် တစ်ခုရှိသလိုကျွန်တော့ဇနီးသည်မှာလည်းအိမ်မက်တစ်ခုရှိခဲ့ပါတယ်။ ခင်ဗျားတို့ကို ကျွန်တော့် သမီးလေးကိုအပ်ပါတယ်။ ဒါမှသူမအတွက် အိမ်မက်ကို အကောင်အထည်ဖော်နိုင်တဲ့ အခွင့်အရေးကို ရနိုင်မှာပါ။"

သူမအဖေနဲ့မောင်တွေကိုကူညီဖို့နဲ့ သူမကို ကျွန်တော်တို့စခန်းအနီးကျောင်းတစ်ကျောင်းမှာ အထက်တန်းပြီးမြောက်စေဖို့ကျွန်ုပ်တို့အစီအစဉ် တစ်ခု ဆွဲခဲ့ကြသည်။ ထို့နောက်သူမကို ကျွန်ုပ်တို့၏ တောတွင်းဆေးကျောင်းတွင် နာမည်စာရင်းပေးသွင်းလိုက်သဖြင့် သူမသည် ဆေးအမှုထမ်းတစ်ဦး အနေဖြင့်စာဆက်လက် သင်ယူနိုင်တော့မည်ဖြစ်ပြီး၊ အနာဂတ်တွင်လည်း သူနာပြုဆရာမတစ်ဦး ဖြစ်လာနိုင်တော့မည်ဖြစ်ပါသည်။

သူမကပြုံးပြီး "ဟုတ်ကဲ့။ ကျွန်မဒါကိုအရမ်းလုပ်ချင်ပါတယ်။ ကျွန်မအရမ်းဂမ်းသာတာပဲ။ ဒါဟာ အိမ်မက်တစ်ခုလိုပဲ။ ကျေးဇူးအရမ်းတင်ပါတယ်" ဟုဆိုပါသည်။

ကျွန်ုပ်တို့အတူတကွဆုတောင်းကြပြီး၊ ဆိုးရွားမှုတို့အလယ်တွင် ကောင်းမွန်မှုတစ်စုံတစ်ရာဖြစ်ပေါ်လာသည့်အတွက် ဘုရားသခင်ကိုကျေးဇူးတင်ခဲ့ကြပါသည်။

တောက်ပ မျက်လုံးများ

ထိုတောက်ပမျက်လုံးများ
ပြုံးလိုက်စဉ်ဝယ် (သို့)
သေနတ်စွဲတိုက်စဉ်ဝယ်
လင်းလက်စွာတောက်ပနေတယ်။
ဆုံးရှုံးသွားတဲ့သူတို့ပိုင်မြေတွေက်
နာကျင်မှုကိုပြသနေတယ်။

ပိုင်ဆိုင်မှုနှစ်ပေါင်းမရေတွက်နိုင်တဲ့ဒီမြေတွက်
သူတို့သည်းသန်တိုက်ခိုက်တယ်။
သူတို့လက်ထဲထုတ်ယူဖြဲဆုတ်ခံရတယ်။
သို့သော်အဲဒီမျက်လုံးများက
မပြောနိုင်သောလွတ်မြောက်မှု အလင်းကိုမြင်ဆဲဘဲ။

သက်ရှိ၊ သေလွန် နဲ့ အနာဂတ်အသက်တွေ
အတွက်သူတို့ တိုက်ခိုက်ကြတယ်။
ထိုတောက်ပတဲ့မျက်လုံးများဟာ
တိုက်ပွဲမှာနှစ်ပေါင်းများစွာ ရရှိခဲ့တဲ့
ဥာဏ်ပညာကိုပြသနေတယ်။

သူနှလုံးသားနောက်ပြန်မလှည့်တော့ပေမဲ့
ထိုမျက်လုံးများက တောက်ပလင်းထိန်နေတယ်။

ပေါ်လွင်သေးတဲ့ ကျက်သရေရိပ်ယောင်ပါးပါးလေးနဲ့
သူမြေးလေးကိုချီစဉ် ခေတ္တ
ရှေးပုံပြင်များပြောနေသေးတယ်။

ကလေးဖက်ဖို့ဒုတိယလက်မရှိတာဘာလို့လဲသူတို့မေးချိန်
ဒီကလေးကိုချီပြီး "အို၊ သားလေးကိုချစ်လိုက်တာ" လို့ပြောဖို့
တိုင်းဆမဲ့အချစ်အတွက် သူပေးခဲ့တဲ့အဖိုးအခတစ်ခုကို
ထိုမျက်လုံးများကပြသနေတယ်။

စာရေးသူ- စူဇန်နာယူးဘွဲ့ခ် (Suuzanne Eubank)



လက်တစ်ဖက်ကိုဆုံးရှုံးခဲ့ရသော်လည်း သူလူမျိုးအတွက် ကာကွယ်ပေးနေဆဲဖြစ်သည့်ကရင်စစ်သားတစ်ဦး။